ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်၊ တနင်္လာနေ့၊ (13-12-2010) (၆၆၁၁)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့်ပြည်ထောင်စု စိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ၂၀၁၀ခုနှစ် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲတွင် တက်ရောက်အားပေး ပါဝင်ကစားစဉ်။ (သတင်းစဉ်)

၂၀၁၀ ခုနှစ် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၂

၂၀၁၀ ခုနှစ် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို ဒီဇင်ဘာ ၁၁ရက်နှင့် ၁၂ရက်တို့တွင် နေပြည်တော်ရှိ မြို့တော်ဂေါက်ကွင်းနှင့် ရေပြာဂေါက်ကွင်းတို့၌ ကျင်းပရာ ဗဟိုရုံးများနှင့် ဝန်ကြီးဌာနများမှ ပြိုင်ပွဲဝင်အသင်း ၃၅သင်းတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများသည် မြို့တော်ဂေါက်ကွင်း၌ တက်ရောက်အားပေး ပါဝင်ကစားခဲ့ကြသည်။



၂၀၁၀ ခုနှစ် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၁ ရက် နံနက် ၆ နာရီတွင် မြို့တော်ဂေါက်ကွင်း၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ ပြိုင်ပွဲဝင်အသင်းများမှ ဂေါက်သီးရိုက်အားကစားသမားများ တက်ရောက်ကြသည်။

အစီအစဉ်အရ ပြိုင်ပွဲဝင်အသင်းများမှ ဂေါက်သီးရိုက်အားကစားသမားများသည် ဖွင့်ပွဲအခမ်းအနား ကျင်းပမည့် သတ်မှတ်နေရာ၌ နေရာယူကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်း ၂၀၁၀ ခုနှစ် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲတွင် တက်ရောက်အားပေး ပါဝင်ကစားစဉ်။

(သတင်းစဉ်)



နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန် ၂၀၁၀ ခုနှစ် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲအား Tracer Ball ကို ရိုက်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
✻ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၂-၁၂-၂၀၁၀

နေပြည်တော်(ရေဆင်း)
၁ ဒသမ ၀၃ လက်မ
ကျိုက္ကမီ
၃ ဒသမ ၆၂ လက်မ
မုဒုံ
၂ ဒသမ ၉၅လက်မ
ညောင်လေးပင်
၂ ဒသမ ၈၇လက်မ
ရမည်းသင်း
၂ ဒသမ ၅၆လက်မ
ကျိုက်မရော
၂ ဒသမ ၄၃ လက်မ
မြောင်းမြ
၂ ဒသမ ၁၇ လက်မ

ကြေးမုံ The Mirror

၁၃-၁၂-၂၀၁၀

(တနင်္လာနေ့)

နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် လက်တွဲကြိုးပမ်း နိုင်ငံတစ်ဝန်းတစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာ

နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် တည်ဆောက်လျက်ရှိရာတွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ပြည်နယ်နှင့်တိုင်းဒေသကြီးများအားလုံးကို မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့် ကဏ္ဍအသီးသီး၌ ဖွံ့ဖြိုးတိုးတက်လာအောင် အထူးဖွံ့ဖြိုးရေးဒေသကြီး(၂၄)ခုသတ်မှတ်၍ ယင်းဒေသများ၌ ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်တစ်ခုစီ၊ ကွန်ပျူတာတက္ကသိုလ်၊ ခုတင်(၂၀၀)ဆံ့ဆေးရုံ တစ်ရုံစီ တည်ဆောက်ပေးကာ ဒေသခံတိုင်းရင်းသားပြည်သူများအတွက်ပညာရေး၊ ကျန်းမာရေး စသည်ဖြင့် ဘက်ပေါင်းစုံမှ တိုးတက်မြင့်မားလာအောင် ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်အစိုးရက "တောင်တွေ့လျှင်လမ်းဖောက်၊ မြစ်တွေ့လျှင်တံတားဆောက်"ဆိုသည့်စကားနှင့်အညီ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့လက်တွဲပြီး လမ်း၊ တံတားများကို နိုင်ငံအဝန်း ဖောက်လုပ်တည်ဆောက်ပေးခဲ့ရာ နိုင်ငံတစ်ဝန်းတွင် လမ်းကွန်ရက်များ ပေါ်ထွန်းလာပြီဖြစ်သည်။

သာဓကအားဖြင့် နိုဝင်ဘာ ၂၉ရက်က နိုင်ငံတော်၏အစင်း ၂၅၀ မြောက်တံတားအဖြစ် ကချင်ပြည်နယ် ပူတာအိုခရိုင် ပူတာအိုမြို့နယ်ရှိ ကောင်းမှုလုံကြိုးတံတားကို ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သည်။ နိုင်ငံတော်က လမ်း၊ တံတားများဖောက်လုပ်တည်ဆောက်ပေးသည့်အတွက် ခရီးသွားပြည်သူများ၊ လူစီးနှင့် ကုန်စည်ပို့ဆောင်မည့်ယာဉ်ငယ်များ လွယ်ကူချောမွေ့စွာသွားလာနိုင်ခြင်းကြောင့် ဒေသထွက်ကုန်ပစ္စည်းများ တင်ပို့ရောင်းချရာ၌ လွယ်ကူမြန်ဆန်လာပြီး ကုန်သွယ်မှုလုပ်ငန်းများ တိုးတက်ဆောင်ရွက်လာနိုင်ပြီဖြစ်သည်။ လမ်း၊ တံတားများသည် နယ်မြေဒေသဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအထောက်အကူဖြစ်စေပြီး တိုင်းရင်းသားပြည်သူများ၏ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးစသည်ဖြင့် ဘက်ပေါင်းစုံမှတိုးတက်လာပြီး လူနေမှုဘဝအဆင့်အတန်း မြင့်မားလာသည်။

ထို့ကြောင့် တိုင်းရင်းသားပြည်သူများအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်ပေးသည့် ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများကိုအသုံးချပြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးတည်ဆောက်ရေးတွင် တစ်မျိုးသားလုံးစည်းလုံးညီညွတ်စွာဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင် လက်တွဲကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင် ပါကစ္စတန် အစ္စလာမ်မစ် သမ္မတနိုင်ငံ ရေဘေး အတွက်အလှူရှင်များ၏ လှူဒါန်းငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

ပါကစ္စတန်နိုင်ငံ ရေဘေးအတွက် အလှူငွေပေးအပ်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၂

ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ ရေဘေးအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၁ရက် မွန်းလွဲ ၂နာရီတွင် သာသနာရေးဝန်ကြီးဌာန (ဝန်ကြီးရုံး) ရန်ကုန်ရုံးခွဲ အစည်းအဝေးခန်းမ၌ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ ရေဘေးအတွက်အလှူရှင်များဖြစ်ကြသည့် သာသနာရေးဦးစီးဌာနက ငွေကျပ်ငါးသိန်း၊ ဗုဒ္ဓဘာသာအဖွဲ့အစည်းများဖြစ်ကြသော မြန်မာနိုင်ငံ နယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာ (ဗဟို)သာသနာနုဂ္ဂဟအသင်း ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတရေဝဏ္ဏကျော်ထင် ဒေါက်တာခင်ရွှေက ငွေကျပ် ၁၀ သိန်း၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က ငွေကျပ် ၁၀ သိန်း၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) က ငွေကျပ် ငါးသိန်း၊ ဟိန္ဒူဘာသာအဖွဲ့အစည်းများဖြစ်ကြသော မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူသာသနာရေးဗဟိုအဖွဲ့ချုပ်နှင့် သနန္တနဓမ္မပါလက အဖွဲ့ချုပ်တို့က ငွေ ၁၀၀၀၀၀၁ ကျပ်၊ တမီးလ်ဖောင်ဒေးရှင်းက ငွေကျပ် ၅၁၃၀၀၀၊ အစ္စလာမ်ဘာသာ အဖွဲ့အစည်းများဖြစ်ကြသော အိုလမာသာသနာ့ ပညာရှင်များအဖွဲ့ချုပ်၊ အစ္စလာမ်သာသနာ့ရေးရာကောင်စီအဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ်၊ မြန်မာမွတ်စလင်မ်လူငယ်များ (ဘာသာရေး)အဖွဲ့နှင့် မြန်မာမွတ်စလင်မ်အမျိုးသားရေးရာ အဖွဲ့ချုပ်တို့က စုပေါင်းလှူဒါန်းငွေကျပ် ၁၀ သိန်း၊ ခရစ်ယာန်ဘာသာ အဖွဲ့အစည်းများဖြစ်ကြသော မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ၊ မြန်မာနိုင်ငံနှစ်ခြင်းခရစ်ယာန်အသင်းချုပ်၊ မြန်မာနိုင်ငံ ခရစ်ယာန် အသင်းတော် (အင်္ဂလီကန်)၊ မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ကလျာဏယုဝ ခရစ်ယာန်အသင်း (YMCA)တို့က စုပေါင်းလှူဒါန်းငွေကျပ် ၁၀ သိန်း စုစုပေါင်း ငွေ ၆၅၁၃၀၀၁ ကျပ်တို့ကို ပေးအပ်လှူဒါန်းကြရာ ဝန်ကြီး သူရဦးမြင့်မောင်လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားသည်။

(သတင်းစဉ်)

ပုလဲမြို့၌ အမျိုးသမီးအိမ်တွင်းမှု သင်တန်းဆင်းပွဲ ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၂

ပုလဲမြို့နယ် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်း၏ အဆင့်မြင့် စက်ချုပ်သင်တန်း အမှတ်စဉ်(၁၁)၊ အခြေခံအိမ်တွင်းမှု သင်တန်း အမှတ်စဉ်(၁၅)၊ လက်မှုကြိမ်ဝါး သင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်းပွဲအခမ်းအနားကိုဒီဇင်ဘာ ၃ရက် နံနက် ၉နာရီတွင် အဆိုပါသင်တန်းကျောင်းခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ကိုယ်စား အတွင်းရေးမှူး ဦးဇော်မိုးအေးက အဖွင့်အမှာစကားပြောကြားပြီး သင်တန်းတွင်ထူးချွန်ဆုရရှိကြသူများအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအတွင်းရေးမှူးက ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး ကျောင်းအုပ်ကြီးဒေါ်နန်းသန္တာအောင်က သင်တန်းဆင်းအောင်လက်မှတ်များကို သင်တန်းသူကိုယ်စားလှယ်အား ပေးအပ်ချီးမြှင့်ခဲ့ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)



YANGON INTERNATIONAL TRADE EXHIBITION 2010 ပြပွဲ၌ ပါဝင်ခင်းကျင်းပြသသည့် ပါကေးအစားထိုးကြမ်းခင်းများကိုတွေ့ရစဉ်။ (သတင်းစဉ်)

ပါကေးအစားထိုး ကြမ်းခင်းများ ပြသ

ရန်ကုန် ဒီဇင်ဘာ ၁၂

Ready Made Floor (ပါကေးအစားထိုး) ကြမ်းခင်းပြားများကို တပ်မတော်ခန်းမ၌ ဒီဇင်ဘာ ၉ ရက်မှ ၁၂ ရက်အထိ ကျင်းပလျက်ရှိသည့် Yangon International Trade Exhibition 2010ပြပွဲ၌ Home Distribution Group ကပါဝင်ခင်းကျင်းပြသခဲ့သည်။

နိုင်ငံတကာ သတ်မှတ်ထားသော Standard အတိုင်း ပါဝင်ဖွဲ့စည်းထားသည့် အဆင့်မြင့်ကုန်ကြမ်းများကို Q.C Test အဆင့်ဆင့်ဖြင့် စစ်ဆေး၍ Grade A,B,C,D ၏ Specification ကို အာမခံနှင့် ထုတ်လုပ်ထားပြီး စစ်မှန်သော Grade A,B,C,D ၏ Quality ကွာခြားမှုအရ မှန်ကန်သောပစ္စည်း Specification အတိုင်း ဈေးအနိမ့်ဆုံးမှ အမြင့်ဆုံးအထိ မှန်ကန်ပွင့်လင်းစွာ ရောင်းချပေးလျက်ရှိကြောင်း၊ Ready Made Floor (ပါကေးအစားထိုး) ကြမ်းခင်းပြားများသည် Polish တင်ရန်မလို ပါကေးထက်ခံနိုင်ရည်မြင့်ပြီး အချိန်ကုန်သက်သာကြောင်း။

ပစ္စည်းသီးသန့် သို့မဟုတ် ပစ္စည်းနှင့်လက်ခ သို့မဟုတ် အားလုံး အပြီးအစီးဖြင့်လည်း လွတ်လပ်စွာ ရွေးချယ်ဝယ်ယူနိုင်ကြောင်း၊ ပါကေးအစားထိုး ကြမ်းခင်းပြားများအပြင် အဆင့်မြင့် သုတ်ဆေးအစားထိုး Wall Leather သည် 3rd Generationဖြစ်၍ ညစ်ပေမှုကို ပြန်လည်သန့်စင်နိုင်ပြီး အဆင့်မြင့် Hotel များ၌ အသုံးပြုမှုများကြောင်း၊ Custom Made Kitchen & Furniture များကိုလည်း ဝယ်ယူသူစိတ်ကြိုက်ဒီဇိုင်းများနှင့် ခန့်မှန်းBudge အတိုင်း ဆောင်ရွက်ပေးကြောင်းသိရသည်။

ဈေးနှုန်းကွာခြားမှုအလိုက် Grade A,B,C, D ၏ Quality ကို Show Roomတွင် အဆင့်မြင့်စက်ဖြင့် အခမဲ့စမ်းသပ်ပေးကြောင်း NewYearPromotion အထူးအစီအစဉ်အနေဖြင့် ဝယ်ယူအားပေးသော Customer များကို Floor တစ်ကျင်းဝယ်ယူသူတိုင်းအား နံရံကပ် WallCovering(ပစ္စည်းသီးသန့်) တစ်ကျင်းလက်ဆောင်ပေးလျက်ရှိကြောင်းသိရသည်။ Home Distribution Group က ဖြန့်ချိသော အရည်အသွေးမြင့်မားသည့် ပစ္စည်းများကို No.F2to 6,1st Floor အောင်ဆန်းအားကစားပြိုင်ကွင်း မြောက်ဘက်တန်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၇၃၀၈၄၈၄၀၊ ၇၃၀၈၄၈၄၁၊ ၇၃၀၈၄၈၄၂ နှင့် အမှတ် ၄၇၂၊ ၈၂လမ်း၊ ၃၄လမ်းနှင့် ၃၅လမ်းကြား မန္တလေးမြို့ ဖုန်း - ၀၂-၃၆၈၂၆ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြကြောင်း သိရသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် မဟာဗန္ဓုလလမ်းနေ ဦးတင်မျိုးအောင်- ဒေါ်ဆွေဆွေဝင်း၊ သား မောင်ဇင်ကိုအောင်၊ မောင်လွင်ကိုအောင် မိသားစုက ထာဝရအထွေထွေပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းရှစ်ထောင်တိတိကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၆) အမှတ်(၄၈) ထွက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၁၂

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ ၆ အမှတ် ၄၈ ၌ အိမ်နီးချင်းနိုင်ငံများနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများ တိုးချဲ့ဖွင့်လှစ်ရန်စီစဉ်၊ ကန်ဒေါ်လာ တစ်သန်းနှင့်အထက် မြန်မာနိုင်ငံသားများဘဏ်တွင် အကန့်အသတ်မရှိ ထည့်သွင်းနိုင်ပြီ၊ ငါးသိန်းတန် CDMA800 MHz ဖုန်း တစ်နိုင်ငံလုံးသုံးနိုင်တော့မည်၊ သီရိမင်္ဂလာဈေးသစ်ကြီး လွတ်လပ်ရေးနေ့တွင်ဖွင့်မည်၊ လူခုနစ်ဦးသေ၊ ၁၉ဦးဒဏ်ရာရခဲ့သော ရန်ကုန်-တိုက်ကြီးကားမှောက်မှု၊ ရန်ကုန်-ကွာလာလမ်ပူ- ခတ္တမန္ဒူ လေကြောင်းခရီးစဉ်သစ်ပျံသန်းမည်၊ အင်တာနက်ဖုန်း ဖက်စ်မက်ဆေ့ချ်ပို့ခြင်း လာမည့်ဖေဖော်ဝါရီမှစ၍သုံးနိုင်ရန် Sky Net စီစဉ်၊ မြန်မာ့ဆန်ပြည်ပတင်ပို့မှုမှ ကန်ဒေါ်လာ ၇၇ သန်းခန့်ရရှိခဲ့၊ တရုတ် စက်မှုကုန်စည်ပြပွဲကြီး ရန်ကုန်တွင်ပြသမည်၊ နိုင်ငံတကာအဆင့်မီ ငါးဈေးကြီး အချိန်တိုအတွင်းပြီးမည်၊ WHO မှသတ်မှတ်ထားသည့် ဆေးဖက်ဝင်အပင်ပေါင်း ၁၂၀တွင် မြန်မာ့ဆေးပင်၅၀ ပါဝင်၊ တီးတိန်တွင် ယာဉ်တိမ်းမှောက် ၁၈ဦးသေ ၃၀ ဒဏ်ရာရ၊ ဒီဆောင်းရာသီအအေးပိုမည်၊ မှန်ရာကိုပြောဆိုခြင်း၊ အကြွေကမ္ဘာဝေဆာစေချင်၊ "ကျွန်တော်တို့အနေနဲ့ပါတီစွဲ ဂိုဏ်းဂဏစွဲ မထားပါဘူး"

ဗလင်ါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ ဥက္ကဋ္ဌ ဒေါက်တာအေးမောင်နှင့် တွေ့ဆုံခြင်း၊ PoliticalTalk နှင့် Public Talk ကဲ့သို့သော ဖတ်စရာ မှတ်စရာဆောင်းပါးများဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

"အမေရိကန်အနေနဲ့ ပြန်လည်ပြင်ဆင်ရေးနှင့် တည်ဆောက်ရေးကို ပြုရမှာဖြစ်တယ်" ပြည်ထောင်စုအရန်ငွေကြေးအဖွဲ့ အကြီးအကဲဟောင်း ပေါလ်ဗော့ကာနှင့် The Straits Times တို့တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာအင်တာဗျူးဆောင်းပါးနှင့်အတူ တရုတ်နှင့် အမေရိကန်တို့၏ စစ်ဘက်ဆိုင်ရာ ဆက်ဆံရေး အလွန်အရေးပါဟုဆို၊ Wikileaks တည်ထောင်သူအား အကျဉ်းထောင်ထဲပို့သော်လည်း လျှို့ဝှက်သတင်းများဖွင့်ချမှုကို ရပ်တန့်မည်မဟုတ်၊ ဆင်းဒဝစ်စားချင်လို့ ပေါင်တစ်သန်းတန်တယောအခိုးခံရ၊ ပါကစ္စတန် အနောက်မြောက်ပိုင်းတွင် အသေခံဗုံးခွဲတိုက်ခိုက် ၂၈ဦးသေ ၄၀ ဒဏ်ရာရရှိ၊ အကြမ်းဖက်သမားတို့အား နိုင်ငံကူးလက်မှတ်အတုလုပ်ပေးသူသုံးဦးကို ထိုင်းရဲကဖမ်းဆီး၊ အိတ်ချ်အိုင်ဗွီပိုး ဘယ်လိုကူးစက်သလဲ၊ အန္တရာယ်မကင်းသည့် အာဖဂန်စိတ်ကူးယဉ်အိပ်မက်၊ လက်ညှိုးနှင့် လက်သူကြွယ် အတိုအရှည်ကိုကြည့်၍ လူ့သဘာဝကို မှန်းဆနိုင်၊ စူပါဂြိုဟ်ကမ္ဘာသည် ရေလွှမ်းနေသောကမ္ဘာဖြစ်ကြောင်း တွေ့ရှိစသည့် နိုင်ငံတကာသတင်းများ၊ သတင်းဓာတ်ပုံများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ (သတင်းစဉ်)

သာသနာရေး ဝန်ကြီးဌာန သာသနာရေး ဦးစီးဌာန (၆၃)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်းနှင့် ဝန်ကြီး သူရဦးမြင့်မောင်တို့ တက်ရောက်ကြည့်ရှုကြစဉ်။

(သတင်းစဉ်)

တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဖွင့်ပွဲအခမ်းအနား တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း တက်ရောက်ကြည့်ရှု

နေပြည်တော် ဒီဇင်ဘာ ၁၂

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာန (၆၃)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း တက်ရောက် ကြည့်ရှုပြီး သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး တိပိဋက ရွေးချယ်ရေးဩဝါဒါစရိယအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ပေါက်မြိုင်ကျောင်းတိုက်ဆရာတော်ထံမှ တိုင်းမှူး၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင်နှင့် တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့က သာသနာရေးဆိုင်ရာများကို လျှောက်ထားကြသည်။

ထို့နောက် (၆၃)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ကျင်းပရေးအတွက် အလှူရှင်များက အလှူတော်ငွေများပေးအပ်လှူဒါန်းကြရာ တိုင်းမှူး၊ ဝန်ကြီးနှင့် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ခြောက်ထပ်ကြီးဘုရားကြီး ကျောင်းတိုက်ဆရာတော်ထံမှ တက်ရောက်လာကြသူများက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစု အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် ကြွရောက်တော်မူလာကြသော ဆရာတော် သံဃာတော်များအား အလှူရှင်များက သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၃-၁၂-၂၀၁၀ (တနင်္လာနေ့)

[၁၃၇၂ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက် (အဖိတ်နေ့)]

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမြင်း တေးရေး- ဗိုလ်ကလေးတင့်အောင်)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ "သက်ရှည်ကျန်းမာလေ့ကျင့်ပါ"
- ၈း၁၀ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈း၂၀ ၈။ အတီးပြိုင်ပွဲ
- ၈း၃၀ ၉။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
- ၄း၂၀ ၃။ "စက်မှုတပ်ဆင်လုပ်ငန်းတွင်"
- ၄း၂၅ ၄။ အကပဒေသာ
- ၄း၃၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (ရသစာပေအရေးအသားအထူးပြု) (ရသစာပေအရေးအသား)
- ၄း၄၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၅၀ ၇။ တေးဂီတအစီအစဉ်
- ၅း၀၅ ၈။ မြန်မာစာ၊ မြန်မာစကား
- ၅း၃၀ ၉။ မြန်မာတေးသံရှင် ရွေးချယ်ပွဲ
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၂။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၇း၀၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နှင်းပွင့်သစ္စာ" (အပိုင်း-၁၅)**
- ၈း၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ **"ကမ္ဘာကျော် သရုပ်ဆောင်များ" (အပိုင်း-၂)**
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေးနောက်ဆုံးချစ်ပုံပြင်" (ပထမပိုင်း) (အပိုင်း-၁၄)**
- ၁၉။ "သုခုမရင်ပြင်"
- ၂၀။ အစီအစဉ်ပြီး၏။

အားကစားနှင့် ပညာရေးပေါင်းစပ်မှု ဦးစီးကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်း ဦးစီးပြီး ဒဂုံတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဦးဆန်း ခေါင်းဆောင်သော မြန်မာနိုင်ငံတက္ကသိုလ်များ အားကစားအဖွဲ့ (၁၅)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် ထိုင်းနိုင်ငံသို့မထွက်ခွာမီ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံတက္ကသိုလ်များအားကစားအဖွဲ့ (၁၅)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန်ထွက်ခွာ

နေပြည်တော် ဒီဇင်ဘာ ၁၂

အားကစားနှင့် ပညာရေးပေါင်းစပ်မှု ဦးစီးကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်း ဦးစီးပြီး ဒဂုံတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဦးဆန်းခေါင်းဆောင်သော မြန်မာနိုင်ငံတက္ကသိုလ်များ အားကစားအဖွဲ့သည် ထိုင်းနိုင်ငံ ဇင်းမယ်မြို့၌ ဒီဇင်ဘာ ၁၃ ရက်မှ ၂၃ ရက်အထိ ကျင်းပမည့် (၁၅)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် ယနေ့နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာသွားကြရာ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် မိဘဆွေမျိုးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာနိုင်ငံတက္ကသိုလ်များ အားကစားအဖွဲ့ကို ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များမှ ကျောင်းသား၊ ကျောင်းသူများအား စိစစ်ရွေးချယ်ကာ တက္ကသိုလ်များ ကျောင်းပိတ်ရက် အောက်တိုဘာလမှစတင်၍ ရန်ကုန်တက္ကသိုလ်နှင့် ဒဂုံတက္ကသိုလ်တို့၌ ညအိပ်စခန်းသွင်း၍ အားကစားဝန်ကြီးဌာန ဝန်ကြီး၏ အစီအစဉ်ဖြင့် အားကစားစခန်းများ၌ မြန်မာ့လက်ရွေးစင် အားကစားသမားများနှင့်အတူ လေ့ကျင့်ပေးခဲ့ပြီး အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲသို့ ပထမဦးဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခြင်း ဖြစ်သည်။ (၁၅)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲ၌ အားကစားအမျိုးအစား ၁၇ မျိုး အနက် မှ ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ တင်းနစ်၊ စားပွဲတင်တင်းနစ်၊ ဂေါက်သီး၊ ရေကူးနှင့် ပြေးခုန်ပစ် ပြိုင်ပွဲရှစ်မျိုးတို့တွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

မြန်မာနိုင်ငံ တက္ကသိုလ်များ အားကစားအဖွဲ့တွင် အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ နည်းပြများ၊ အပြည်ပြည်ဆိုင်ရာ ဒိုင်များ အပါအဝင် ၂၀ နှင့် တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များမှ အားကစားသမား ၄၆ ဦး စုစုပေါင်း ၆၆ ဦးတို့ပါဝင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရွှေတုံးများနှင့်ငွေသား တန်ဖိုးကျပ်သိန်း ၆၀၀ ကျော် ခိုးယူခံရမှု ရဲတပ်ဖွဲ့ဝင်များ၏ ကြိုးပမ်းဖော်ထုတ်မှုကြောင့် ပြန်လည်သိမ်းဆည်းရမိ

မိတ္ထီလာ ဒီဇင်ဘာ ၁၂

ညအချိန်တွင် ဆိုင်ကယ်ပျက်၍ လမ်းဘေးဇရပ်၌ ဝင်ရောက်အိပ်စက်ရာမှ ရွှေတုံးများနှင့် ငွေသားများ ကျပ်သိန်း ၆၀၀ ကျော်ဖိုးခိုးယူခံခဲ့ရမှုကို သက်ဆိုင်ရာရဲတပ်ဖွဲ့၏ ကြိုးပမ်းစုံစမ်းမှုကြောင့် အမှုဖြစ်ပွားပြီးနောက် လေးလအကြာတွင် ဖော်ထုတ်လိုက်နိုင်ပြီဖြစ်သည်။

ဖြစ်စဉ်မှာ ရမည်းသင်းမြို့ စန်းရွှေပြည်ကုမ္ပဏီမှ ရွှေလုပ်ငန်းရှင် ဦးဟန်ထွန်းအောင် (၂၈)နှစ်၊ ဇနီးမဝေဝေလွင်၊ သူငယ်ချင်း မြတ်အောင်စိုး(ခေါ်) ဆင်ပေါက်နှင့် သက်စုမွန်တို့သည် ဇွန် ၁၈ ရက်က မန္တလေးမှ ရမည်းသင်းသို့ ဆိုင်ကယ်နှစ်စီးဖြင့် ပြန်လာကြစဉ် နံနက် ၂ နာရီခန့်တွင် ဝမ်းတွင်းမြို့နယ် ဒိုင်တောင်းကုန်း ကျေးရွာအုပ်စု ညောင်ပင်လှ ကျေးရွာအနီးတွင် ဆိုင်ကယ်တစ်စီး ဆီတိုင်ကီပေါက်သွားသဖြင့် လမ်းဘေးဇရပ်တွင် ဝင်ရောက်တည်းခိုအိပ်စက်ခဲ့ကြသည်။

နံနက် ၄ နာရီခန့်တွင် မဝေဝေလွင် ခေါင်းအုံး အိပ်ထားသော ရွှေတုံးနှင့် ငွေများထည့်ထားသည့် အိတ်ကို လူတစ်ယောက်က ဆွဲယူထွက်ပြေးသွားသဖြင့် ရွှေတောင်ရဲစခန်းသို့ အမှုဖွင့်တိုင်ကြားခဲ့သည်။ အိတ်ထဲတွင် သန့်စင်ပြီး ရွှေတုံးများ စုစုပေါင်း အလေးချိန် ၅၅ ကျပ်သား၊ ရွှေအရိုင်းတုံး ၄၅ ကျပ်သား၊ နှစ်ကျပ်သားခန့်ရှိ ရွှေလော့ကက်သီးတစ်ခု၊ ငွေသားကျပ်ငါးသိန်းနှင့် နိုကီယာလက်ကိုင်ဖုန်းတစ်လုံး စုစုပေါင်း တန်ကြေးငွေ ၆၀၇၃၆၅၀၀ ဖိုးပါသွားကြောင်း ပိုင်ရှင်ဦးဟန်ထွန်းအောင်က တိုင်ကြားသဖြင့် ရွှေတောင်ရဲစခန်းက ပထမသတင်းပေးတိုင်ကြားချက်အမှတ်(ပ) ၂၁/၂၀၁၀၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၈၀ ဖြင့် အမှုဖွင့်အရေးယူခဲ့သည်။

ရွှေ ငွေကျပ် သိန်း ၆၀၀ ကျော်ဖိုးခိုးယူခံရသည့် အမှုနှင့်ပတ်သက်၍ မိတ္ထီလာခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သက်နိုင်ဦး ဦးဆောင်၍ ဝမ်းတွင်းနှင့် ရွှေတောင်ရဲစခန်းများမှ ရဲတပ်ဖွဲ့ဝင်များက ဒေသအတွင်း ကွင်းဆင်း၍ မျက်ခြည်မပြတ်စုံစမ်းခဲ့သည်။ ဤသို့ကွင်းဆင်းစစ်ဆေးစဉ် ဝမ်းတွင်းမြို့နယ် မြောက်ဇဂျမ်းကုန်းကျေးရွာနေ ဝင်းအောင် (၄၀)နှစ်ကို မသင်္ကာဖွယ်တွေ့ရှိရသဖြင့် ၁၀-၁၀-၂၀၁၀ ရက်တွင် ခေါ်ယူစစ်ဆေးခဲ့ရာမှ ခိုးမှုဖြစ်စဉ်ပေါ်ပေါက်ခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ ဝင်းအောင်သည် ဇွန် ၁၈ ရက် နံနက် ၄ နာရီခန့်တွင် ဝက်သားပို့ရန်အတွက် ညီဖြစ်သူ စံလှိုင်နှင့်အတူ ဒိုင်တောင်းကုန်းကျေးရွာမှ ခြေကျင်ထွက်လာကြစဉ် ညောင်ပင်လှရွာအနီး လမ်းဘေးဇရပ်တွင် လူများအိပ်နေသည်ကိုတွေ့ရှိသဖြင့် ဝင်းအောင်က ဝင်ကြည့်ပြီး အမျိုးသမီး ခေါင်းအုံးအိပ်ထားသည့် အိတ်တစ်လုံးကို ဆွဲယူထွက်ပြေးခဲ့ကြောင်း၊ လမ်းတွင်အိတ်ကိုဖွင့်ကြည့်ရာ ရွှေတုံးများနှင့် ငွေသား ကျပ်ငါးသိန်းကို တွေ့ရှိသဖြင့်ယူပြီး ကျန်ပစ္စည်းများကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ ဝင်းအောင် အသက် (၄၀)နှင့် ညီ စံလှိုင် (၃၃)နှစ်တို့သည် ရွှေများကိုရောင်းချပြီး ဆိုင်ကယ်၊ ထော်လာဂျီ၊ မီးစက်နှင့် ရွှေထည်ပစ္စည်းများ ဝယ်ယူခဲ့ကြောင်း ပေါ်ပေါက်ခဲ့သည်။

ဝင်းအောင်နှင့် စံလှိုင်တို့ကို ဖမ်းဆီးပြီးနောက် ခိုးရာပါရွှေများ ရောင်းချခဲ့သည့် သာစည်မြို့ ရွှေကုန်သည်မှ တစ်ဆင့် လက်ခံဝယ်ယူထားသည့် ရွှေဆိုင်မှ ရွှေ ၆၉ကျပ်သား (ကျပ်သိန်း ၄၀၀ကျော် ဖိုး)ကို ပြန်လည်သိမ်းဆည်းရမိခဲ့ပြီး ရွှေတုံးများ ရောင်းချရငွေဖြင့် ဝယ်ယူထားသည့် ဆိုင်ကယ်၊ မီးစက်၊ ထော်လာဂျီ၊ အပေါ်စက်၊ အောက်စက်၊ ဆောင်းဘောက်၊ ရွှေလက်ဝတ်လက်စားများနှင့် နွားများကိုလည်း သိမ်းဆည်းခဲ့သည်။

ဝင်းအောင်နှင့် စံလှိုင်တို့ကို ဝမ်းတွင်းမြို့နယ်တရားရုံးတွင် တရားစွဲဆိုထားကြောင်း သတင်းရရှိပြီး ဤကဲ့သို့ အဖိုးတန် ငွေကြေးပစ္စည်းများကို လုံခြုံစိတ်ချမှုမရှိဘဲ ယူဆောင်ကာ အချိန်မတော် ခရီးသွားလာခြင်းဖြင့် အန္တရာယ်ဖြစ်စေတတ်ရာ သတိပြုဆင်ခြင် သွားလာသင့်သည်ဟု ပြောဆိုကြကြောင်း သိရသည်။ (၁၁၁)

မြန်မာအဏ္ဏဝါသိပ္ပံအသင်း မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၂

မြန်မာအဏ္ဏဝါသိပ္ပံအသင်း တတိယအကြိမ် မြတ်ဆရာပူဇော်ပွဲနှင့် တွေ့ဆုံပွဲကို ဒီဇင်ဘာ ၁၈ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ M-3 F00D CENTER ၌ ကျင်းပမည်ဖြစ်ရာ ဦးစိုးထွန်း ဖုန်း-၀၉-၅၃၂၂၀၁၄၊ ဦးခင်မောင်ချို ဖုန်း-၀၉-၅၂၀၁၃၄၀၊ ဒေါ်နန်းမြဟန် ဖုန်း-၀၅၉-၄၂၀၄၉၊ ဦးတင့်ထွန်း ဖုန်း-၅၁၃၁၆၅၊ ဦးအောင်ကြည်ဦး ဖုန်း-၀၉-၈၇၀၂၀၄၃၊ ဦးထွန်းအေး ဖုန်း-၅၁၄၉၀၄၊ ဦးရဲမင်းထွန်း ဖုန်း-၀၉-၅၁၆၃၃၅၁၊ ဦးသန့်ဇင် ဖုန်း-၀၉-၅၀၆၀၅၁၅၊ ဦးစိုးလွင် ဖုန်း-၆၅၀၉၃၃၊ ဦးနေထွဋ်တင် ဖုန်း-၅၃၉၂၂၅၊ ဒေါ်ခိုင်သီထွန်း ဖုန်း-၀၉-၅၁၀၁၄၅၃၊ ဦးမျိုးတင့်(ခ)ပီတာ ဖုန်း-၀၉-၄၉၈၀၃၆၇၅၊ ဦးစိုင်းအုန်းမြင့် ဖုန်း-၀၉-၅၁၃၁၀၀၉၊ ဦးမြစိုး ဖုန်း-၇၃၁၀၆၁၅၊ ဦးသန့်ဇော်ဝင်း ဖုန်း-၀၉-၅၁၀၇၃၇၅၊ ဦးရဲမင်းဦး ဖုန်း-၀၉-၅၀၅၈၁၁၈နှင့် ဦးဝင်းလှိုင် ဖုန်း-၀၉-၅၁၉၀၂၆၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

နိုင်ငံတကာသတင်းများ

အရှေ့အလယ်ပိုင်းဒေသ မိုးသည်းထန်စွာရွာသွန်းမှု၊ လေပြင်းမုန်တိုင်းတိုက်ခတ်မှုများနှင့် ကြုံတွေ့နေရ

ဘေရွတ် ဒီဇင်ဘာ ၁၂

အရှေ့အလယ်ပိုင်းဒေသ နိုင်ငံများတွင် မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ လေပြင်းမုန်တိုင်းတိုက်ခတ်ခြင်းစသော ရာသီဥတု ဖောက်လွဲဖောက်ပြန်မှုများကို ရင်ဆိုင်နေရကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

လက်ဘနွန်နိုင်ငံတွင် ရာသီဥတုပူပြင်းမှုကြောင့် တောမီးလောင်ကျွမ်းမှုများ ဖြစ်ပွားခဲ့ရပြီး မုန်တိုင်းတိုက်ခတ်မှုကြောင့်လည်း အချို့ဒေသများတွင် အပူချိန်သည် ရေခဲမှတ်အောက်ကျဆင်းခဲ့ရသည်။

အီဂျစ်နှင့် ဂျော်ဒန်နိုင်ငံများတွင် သဲမုန်တိုင်းများတိုက်ခတ်ခဲ့ပြီး ဆီးရီးယားနိုင်ငံ ဒမက်စကတ်မြို့တော် လမ်းများပေါ်တွင် ဆီးနှင်းများ ကျဆင်းခဲ့သည်။

မြေထဲပင်လယ်ဒေသတွင် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး လေပြင်းမုန်တိုင်းတိုက်ခတ်မှုများကို ရင်ဆိုင်ခဲ့ရသည်။ ၁၂ပေ အမြင့်ရှိသော လှိုင်းလုံးများရိုက်ခတ်မှုအန္တရာယ်ကြောင့် အီဂျစ် နိုင်ငံသည် အလက်ဇန္ဒြီးယားမြို့ ဆိပ်ကမ်းကို ပိတ်ထားခဲ့ရသည်။ ဆီးရီးယားနိုင်ငံသည်လည်း ၎င်း၏အဓိက ဆိပ်ကမ်း တာတော့စ်ဆိပ်ကမ်းကို ပိတ်ထားခဲ့ရသည်။

မုန်တိုင်းတိုက်ခတ်မှုကြောင့် အစ္စရေးနိုင်ငံကမ်းလွန်ရေပြင်တွင် မော်လ်ဒိုဘာ အလံလွှင့်တင်ထားသော သင်္ဘောတစ်စင်း နစ်မြုပ်ခဲ့ရပြီး တူရကီသင်္ဘောတစ်စင်းကိုမူ ကမ်းခြေသို့ ဆွဲယူခဲ့ရသည်။

ဂါဇာကမ်းမြောင်ဒေသတွင် လေပြင်းမုန်တိုင်းတိုက်ခတ်၍ မိုးရွာသွန်းမှုများကြောင့် ဒေသခံတံငါသည်များ အသုံးပြုသော ဆိပ်ခံတံတားတစ်ခု အက်ကြောင်းများပေါ်ခဲ့ရသည်။ လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့တော်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့ပြီး တောင်တန်းဒေသများတွင် နှင်းများကျဆင်းမှုကြောင့် လမ်းအချို့ပိတ်ဆို့ထားခဲ့ရသည်။

ဂါဇာကမ်းမြောင်ဒေသ၌ လှိုင်းများရိုက်ခတ်မှုကြောင့် ပျက်စီးသွားသော ငါးဖမ်း ဆိပ်ခံတံတားတစ်ခု။

အီဂျစ်နိုင်ငံ အလက်ဇန္ဒြီးယားမြို့တော်သည် တစ်နာရီလျှင် ၃၇ မိုင်ကျော်နှုန်း (၆၀ ကီလိုမီတာ) ရှိသော လေပြင်းမုန်တိုင်းကို ကြုံတွေ့ခဲ့ရပြီး ခြောက်ထပ်ရှိ အထည်ချုပ်စက်ရုံတစ်ရုံ ပြိုကျခဲ့သည်ဟု အီဂျစ်အာဏာပိုင်များက ပြောကြားသည်။ **အေပီ။**

ပါကစ္စတန်၌ စစ်သွေးကြွခြေကုပ်စခန်း ၄၃ခုရှိကြောင်း အိန္ဒိယနိုင်ငံပြောကြားခဲ့

စင်ကာပူ ဒီဇင်ဘာ ၁၂

ပါကစ္စတန်နိုင်ငံအတွင်း စစ်သွေးကြွခြေကုပ်စခန်း ၄၃ခု ရှိပြီး ၂၂ခုသည် ပါကစ္စတန် ထိန်းချုပ်သည့် ကတ်ရှ်မီးယားဒေသ အတွင်းရှိသည်ဟု အိန္ဒိယနိုင်ငံက အမေရိကန်နိုင်ငံကို ပြောကြားခဲ့ကြောင်း ဝီကီလိခ်စ် ဝက်ဘ်ဆိုက်မှ ဖွင့်ချခဲ့သော လျှို့ဝှက် သံတမန် မှတ်တမ်းများ၌ ဖော်ပြထားသည်။

လွန်ခဲ့သောနှစ် ဇွန်လအတွင်း အမေရိကန် အမျိုးသား လုံခြုံရေးအကြံပေးအရာရှိချုပ် ဂျင်းဂျုံးနှင့် တွေ့ဆုံစဉ် အိန္ဒိယ ကာကွယ်ရေးဝန်ကြီး အေ-ကေအန်တိုနေက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်ကြောင်း ဝီကီလိခ်စ်က ထုတ်ပြန်ခဲ့သော မှတ်တမ်းများကို ကိုးကား၍ ဂါဒီယန်သတင်းစာက ဖော်ပြသည်။

ပါကစ္စတန်အစိုးရသည် အဆိုပါ စစ်သွေးကြွစခန်းများကို ပိတ်သိမ်းရန် လုပ်ဆောင်ခဲ့သော်လည်း အောင်မြင်မှုအနည်းငယ်သာရရှိခဲ့ကြောင်း လျှို့ဝှက်သံတမန်မှတ်တမ်းများတွင် ဖော်ပြထားသည်။

ပြန်လည်ခေါင်းထောင်

အမေရိကန် အမျိုးသားလုံခြုံရေး အကြံပေးအရာရှိချုပ်နှင့် အိန္ဒိယကာကွယ်ရေးဝန်ကြီးတို့၏ ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သော အိန္ဒိယတပ်မတော်အကြီးအကဲက ပါကစ္စတန်စစ်ဘက်သည် စစ်သွေးကြွစခန်းများကို ၂၀၀၈ခုနှစ် မွမ်ဘိုင်းတိုက်ခိုက်မှု အပြီး၌ စီးနင်းတိုက်ခိုက်ခဲ့သော်လည်း အချို့စခန်းများသည် မကြာမီ ပြန်လည်ခေါင်းထောင်လာကြောင်း ပြောကြားခဲ့သည် ဟုဆိုသည်။

စိမ့်ဝင်ထိုးဖောက်

ပါကစ္စတန်နိုင်ငံမှ စစ်သွေးကြွများသည် အိန္ဒိယ ထိန်းချုပ်သော ကတ်ရှ်မီးယားနယ်ထဲသို့ စိမ့်ဝင်ထိုးဖောက်ခဲ့ကြောင်း အိန္ဒိယလက်နက်ကိုင်တပ်ဖွဲ့များ အကြီးအကဲက အမေရိကန် ကိုယ်စားလှယ်အဖွဲ့ကို ပြောကြားခဲ့သည်ဟု ဝီကီလိခ်စ်မှ ထုတ်ဖော်ခဲ့သော မှတ်တမ်းများတွင်ဖော်ပြသည်။

အိန္ဒိယ လက်နက်ကိုင်တပ်ဖွဲ့များ အကြီးအကဲ ဗိုလ်ချုပ်ကြီး ဒီပတ်ခ်ကပူးလ်က မိမိတို့၏ နယ်စပ်ဒေသများတွင် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို အဆင့်မြှင့်တင်ထားပြီး နယ်စပ်ကိုဖြတ်ဝင်ရန် ကြိုးစားသည့် စစ်သွေးကြွ ၁၅ မှ ၂၀ ရာခိုင်နှုန်းအထိကို တားဆီးနိုင်ခဲ့ကြောင်း ပြောကြားခဲ့သည်ဟု ဆိုသည်။ **အမ်အင်အေ၊ ရိုက်တာ။**

အီရတ်နိုင်ငံ၌ ကားဗုံးခွဲတိုက်ခိုက်မှုကြောင့် ၁၇ ဦးသေဆုံး

ဘဂ္ဂဒက် ဒီဇင်ဘာ ၁၂

အီရတ်နိုင်ငံ အန်ဘာပြည်နယ်တွင် အစိုးရရုံးအဆောက်အအုံတစ်ခုပြင်ပ၌ တနင်္ဂနွေနေ့က ကားဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူ ၁၇ ဦးသေဆုံးခဲ့ကြောင်း ပြည်နယ်တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ ဗုံးပေါက်ကွဲမှုကြောင့် အနည်းဆုံးလူ ၂၃ ဦးလည်း ဒဏ်ရာရခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့နှင့် ဆေးရုံတာဝန်ရှိသူများ၏ အဆိုအရ သိရသည်။

အန်ဘာပြည်နယ် မြို့တော်ရာမာဒီရှိ ပြည်နယ်ကောင်စီရုံးအဆောက်အအုံအပြင်ဘက်၌ ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပွားခဲ့ခြင်းကြောင့် အသေခံဗုံးခွဲသမား၏ယာဉ်သည် အဆောက်အအုံ၏ ရှေ့တံခါးဝသို့ ရောက်ရှိခဲ့ခြင်းမရှိကြောင်း အန်ဘာပြည်နယ် လက်ထောက်အုပ်ချုပ်ရေးမှူးက ပြောကြားသည်။

အဆိုပါ ကားဗုံးခွဲတိုက်ခိုက်မှုသည် အယ်လ်ခိုင်ဒါအဖွဲ့၏ လက်ချက်ဖြစ်ပြီး အန်ဘာပြည်နယ်အတွင်းရှိ လက်ကျန်အကြမ်းဖက်အုပ်စုများ၏ သမားရိုးကျလုပ်ရပ်တစ်ခုသာဖြစ်ကြောင်း အန်ဘာပြည်နယ် ရဲတပ်ဖွဲ့က ပြောကြားသည်။

ယင်းကားဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး မိနစ်အနည်းငယ်ကြာ၌ အန်ဘာပြည်နယ်ရဲတပ်ဖွဲ့က ကားရပ်နားဝင်းတစ်ခုအတွင်း ဒုတိယမြောက်ဗုံးတစ်လုံးကို ရှာဖွေတွေ့ရှိခဲ့ပြီး လုံခြုံသောနေရာတစ်ခု၌ ဖောက်ခွဲဖျက်ဆီးနိုင်ခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။ **အင်တာနက်။**

ဆွီဒင်နိုင်ငံ မြို့တော်စတော့ဟုမ်း၌ ပေါက်ကွဲမှုနှစ်ရပ်ဖြစ်ပွား

စတော့ဟုမ်း ဒီဇင်ဘာ ၁၂

ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့လယ်၌ ဒီဇင်ဘာ ၁၁ရက် ညပိုင်းတွင် ပေါက်ကွဲမှုနှစ်ရပ်ဖြစ်ပွားခဲ့ရာ တစ်ဦးသေဆုံး၍ နှစ်ဦးဒဏ်ရာရခဲ့ကြောင်း သတင်းများတွင်ဖော်ပြသည်။ ယင်း ပေါက်ကွဲမှုများကို ဆွီဒင်နိုင်ငံခြားရေး ဝန်ကြီးဌာနက အကြမ်းဖက်တိုက်ခိုက်မှုအဖြစ် သတ်မှတ်ခေါ်ဆိုသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် ဆွီဒင်နိုင်ငံက စစ်ရေးအရပါဝင်ပတ်သက်နေခြင်းနှင့်ပတ်သက်၍ ခြိမ်းခြောက်စာ တစ်စောင်ကို ဆွီဒင်သတင်းဌာနတစ်ခုက လက်ခံရရှိပြီးနောက် အဆိုပါ ပေါက်ကွဲမှုများဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

ဓာတ်ငွေ့ဘူးပေါက်ကွဲ

စတော့ဟုမ်းမြို့လယ်၌ မော်တော်ယာဉ်တစ်စီးအတွင်း ပေါက်ကွဲမှုဖြစ်ပွားကာ မီးလောင်ကျွမ်းမှုဖြစ်ခဲ့ရပြီး ရဲတပ်ဖွဲ့၏ အဆိုအရ ဓာတ်ငွေ့ဘူးပေါက်ကွဲခြင်းဖြစ်ကြောင်းသိရသည်။

ဖောက်ခွဲတိုက်ခိုက်

အဆိုပါပေါက်ကွဲမှုဖြစ်ပွားရာနေရာမှ မီတာ ၃၀၀ခန့် ကွာဝေးသောနေရာတွင် ပေါက်ကွဲမှုတစ်ရပ် ထပ်မံဖြစ်ပွားခဲ့ပြီး လူတစ်ဦးသေဆုံးကာ နှစ်ဦးဒဏ်ရာရခဲ့သည်။ ယင်းပေါက်ကွဲမှုသည် အသေခံဖောက်ခွဲတိုက်ခိုက်ခြင်းဖြစ်ဖွယ်ရှိကြောင်း ဆွီဒင်ရဲတပ်ဖွဲ့က သုံးသပ်သည်။ **အမ်အင်အေ၊ ရိုက်တာ။**

မူးယစ်ဂိုဏ်းများအကြား တိုက်ပွဲကြောင့် မက္ကဆီကိုတွင် ၁၁ ဦး သေဆုံး

မက္ကဆီကိုစီးတီး ဒီဇင်ဘာ ၁၂

မက္ကဆီကိုအနောက်ပိုင်း တေကာလစ်တလန်မြို့၌ အပျိုစင် ဂွါဒယ်လ်လူပါ အထိမ်းအမှတ် ဘာသာရေးပွဲတော်ကို ကျင်းပစဉ်အတွင်း ပြိုင်ဘက် မူးယစ်ဂိုဏ်းနှစ်ဂိုဏ်းအကြား တိုက်ပွဲဖြစ်ပွားရာ ၁၁ ဦး သေဆုံးခဲ့ကြောင်း မက္ကဆီကို အာဏာပိုင်များက ယနေ့ သတင်းထုတ်ပြန်သည်။

သွေးချင်းညီနောင်ဂိုဏ်း မူးယစ်ဂိုဏ်းဝင်များ မီးရှို့ဖျက်ဆီး၍ လမ်းပိတ်ဆို့ခဲ့သော မော်တော်ယာဉ်တစ်စီးကို တွေ့ရစဉ်။

တေကာလစ်တလန်မြို့ မြို့တော်ရင်ပြင်၌ ဒီဇင်ဘာ ၁၀ ရက်နေ့က ပွဲတော်ကျင်းပစဉ်အတွင်း သေနတ်သမားများသည် ကားသုံးစီးဖြင့် ရောက်ရှိလာကာ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အပြန်အလှန် ပစ်ခတ်ခဲ့ကြကြောင်း ဂျာလစ္စကိုပြည်နယ် ရှေ့နေချုပ်ရုံးက သတင်းထုတ်ပြန်သည်။

ပစ်ခတ်မှုဖြစ်ပွားစဉ်အတွင်း လူ ရှစ်ဦးသည် အခင်းဖြစ်ပွားရာ နေရာ၌ပင် သေဆုံးခဲ့ပြီး နှစ်ဦးမှာ ဆေးရုံတွင် သေဆုံးခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ကျန်တစ်ဦးမှာ တေကာလစ် တလန်မြို့ပြင် အဝေးပြေးလမ်းမတစ်နေရာ၌ ကားပေါ်တွင် ပစ်သတ်ခံခဲ့ရကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

ရှာဖွေသိမ်းဆည်း

တေကာလစ်တလန်မြို့ ရဲတပ်ဖွဲ့သည် ဗုံးပစ်လောင်ချာ တစ်ခုနှင့် အေကေ-၄၇၊ အေအာ-၁၅ ရိုင်ဖယ်သေနတ်များ၏ ကျည်ကတ်များကိုလည်း ရှာဖွေသိမ်းဆည်းခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်က သေနတ်သမားများနှင့် မက္ကဆီကို ရဲတပ်ဖွဲ့ဝင်များအကြား တိုက်ပွဲ ဖြစ်ပွားခဲ့ပြီး သွေးချင်းညီနောင်ဂိုဏ်း (la familia) ခေါင်းဆောင် နာဇာရီယို မော်ရီနို ဂွန်ဇာလက် အသတ်ခံလိုက်ရသော မီချိုအာ ကန်ပြည်နယ်အနီးတွင် တေကာလစ်တလန်မြို့ တည်ရှိသည်။ **အေပီ။**

ရှေးဟောင်းဝတ်ကျောင်း ဆီးရီးယားတွင် တွေ့ရှိ

ဒမတ်စကတ် ဒီဇင်ဘာ ၁၂

ဘီစီ ၁၆၉ မှ အေဒီ ၁၀၆ အကြားလက်ရာ ရှေးဟောင်းဝတ်ကျောင်းတစ်ခုကို ဆီးရီးယားနိုင်ငံ ဝေဒါဒေသ၌ ရှာဖွေတွေ့ရှိခဲ့ကြောင်း ဒီဇင်ဘာ ၁၁ ရက် သတင်းများတွင် ဖော်ပြသည်။

နှစ်ပေါင်း ၂၁၀၀ ကျော် သက်တမ်းရှိ ရှေးဟောင်းဝတ်ကျောင်းသည် ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့တော် တောင်ပိုင်း ၁၀၆ ကီလိုမီတာအကွာတွင် တည်ရှိသည်။

အဆိုပါ ဝတ်ကျောင်းကို ဂရိယဉ်ကျေးမှု ခေတ်အကြိုလက်ရာ ဝတ်ကျောင်းဟောင်းအပျက်အစီးတစ်ခု၏ အပေါ်တွင် ထပ်ဆင့်တည်ဆောက်ထားခြင်းဖြစ်သည်။

အဆိုပါ ဝတ်ကျောင်းကို နာဘာတေယမ်ခေတ် (ဘီစီ ၁၆၉ - အေဒီ ၁၀၆) တွင် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အစ္စလာမ့်ခေတ်လက်ရာများကိုလည်း တွေ့ရှိခဲ့ကြောင်း ရှေးဟောင်းသုတေသနပညာရှင် ရာဆာရှားက ပြောကြားသည်။

နာဘာတေယမ်ဘုရင့်နိုင်ငံသည် ဆိုင်းနိုင်းကျွန်းဆွယ်နှင့် အာရေဗီယန်းကျွန်းဆွယ်အကြား တည်ရှိပြီး ၎င်း၏ မြို့တော်သည် ပက်ထရာမြို့တော်ဟု အမည်တွင်သည်။ **အင်တာနက်။**

❖ ကျောဖုံးမှ

ကုန်သည်အသစ်တွေပါလာကြတာ တွေ့ရတယ်။ ဌာနပိုင်ပုလဲဆိုရင် လက်ကျန်မရှိသလောက်ဖြစ်သွားတယ်။ လာမယ့်ရက်ပိုင်းအတွင်း ပုလဲကျွန်းက ပုလဲအသစ်တွေ ရောက်မယ်။ လက်ကျန်ပုလဲတွေကို အတွဲပြန်လည်ဖွဲ့စည်းပြီး ကောင်းတဲ့ပုလဲတွေကို ပုလဲအသစ်တွေနဲ့အတူ လာမယ့်ပြပွဲမှာရောင်းချဖို့စီစဉ်နေပါတယ်" ဟု ပြောကြားသည်။

မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းနှင့် ပြည်တွင်းကျောက်မျက်ကုမ္ပဏီများ၏ ကျောက်မျက်အတွဲများကို နိုဝင်ဘာ ၁၇ ရက် မှ ၂၀ ရက် အထိ တင်ပြရောင်းချခဲ့ရာ တင်ဒါစနစ်ဖြင့် ကျောက်မျက်အတွဲ ခုနစ်တွဲ၊ ဈေးပြိုင်စနစ်ဖြင့် ကျောက်မျက်အတွဲ ၂၄ တွဲ စုစုပေါင်း ကျောက်မျက် အတွဲ ၃၁ တွဲ ရောင်းချခဲ့ရသည်။ တင်ပြသည့် ကျောက်မျက်အတွဲ

မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ကျောက်စိမ်းနဂါးနှင့်ပတ္တမြားနဂါးကုမ္ပဏီဥက္ကဋ္ဌ ဦးနေဝင်းထွန်း နေပြည်တော်၌ ပထမဆုံးအကြိမ်ကျင်းပသည့် ရတနာပြပွဲ၏ ထူးခြားချက်ကို ရှင်းလင်းပြောကြားစဉ်။

၂၇၃ တွဲ အနက် ၃၁ တွဲ ရောင်းချရသဖြင့် (၁၁ ဒသမ ၃၅)ရာခိုင်နှုန်းရောင်းချရခြင်းပင်ဖြစ်သည်။

မြန်မာကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းနှင့် ပြည်တွင်းကျောက်မျက်ကုမ္ပဏီများ၏ ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်ဖြင့် နိုဝင်ဘာ ၂၁ ရက်မှ ၂၅ ရက်အထိလည်းကောင်း၊ ဈေးပြိုင်စနစ်ဖြင့် နိုဝင်ဘာ ၂၅ ရက်မှ ၂၉ ရက်အထိလည်းကောင်း တင်ပြရောင်းချခဲ့ရာ တင်ဒါစနစ်ဖြင့် ကျောက်စိမ်းအတွဲ ၇၄၆၁ တွဲ၊ ဈေးပြိုင်စနစ်ဖြင့် ကျောက်စိမ်းအတွဲ ၃၂၃ တွဲ စုစုပေါင်း ကျောက်စိမ်းအတွဲ ၇၇၈၄ တွဲ ရောင်းချခဲ့ရသည်။ ကျောက်စိမ်းအတွဲပေါင်း ၉၁၅၇ တွဲ တင်ပြခဲ့သည့်အနက် ကျောက်စိမ်းအတွဲ စုစုပေါင်း ၇၇၈၄ တွဲ ရောင်းချခဲ့ရသဖြင့် ၈၅ ရာခိုင်နှုန်း ရောင်းချရခြင်းပင်ဖြစ်သည်။

ပြည်ပရတနာ ကုန်သည်များက ကျောက်စိမ်းအတွဲပေါင်း ၇၇၈၄ တွဲ ဝယ်ယူခဲ့ကြရာတွင် အထည်ကျောက်အရိုင်း၊ အသားကျောက်အရိုင်း၊ ကျောက်စိမ်းလုံးချော၊ ကျောက်စိမ်း(Semi Cut)၊ ကျောက်စိမ်းလက်ကောက်၊ ကျောက်စိမ်းပုတီးစေ့၊ ထည်လုံးစိမ်း၊ မှော်စစ်စစ်၊ Chromo Jadeite Non Jade နှင့် အသားကြည်ကော်လီသားများ ပါဝင်ကြသည်။

၂၀၁၀ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းအတွဲပေါင်း ၇၇၈၄ တွဲ ရောင်းချခဲ့ရခြင်းမှာ ပြီးခဲ့သည့်ရတနာပြပွဲ လေးကြိမ်ထက် ရောင်းချရမှုရာခိုင်နှုန်း စံချိန်တင်နိုင်ခဲ့ခြင်းပင် ဖြစ်သည်။ နေပြည်တော်တွင် ပထမဆုံးအကြိမ် ကျင်းပသည့် ပြပွဲဖြစ်သော်လည်း ကျောက်စိမ်းအတွဲစုစုပေါင်း ၉၁၅၇ တွဲ တင်ပြနိုင်ခဲ့သဖြင့် ကျောက်စိမ်းအတွဲများစွာ တင်ပြနိုင်သည့် ရတနာပြပွဲတစ်ပွဲအဖြစ် မှတ်တမ်းတင်နိုင်ခဲ့ပေသည်။

၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲဗဟိုကော်မတီ အတွင်းရေးမှူး ဦးသိန်းဆွေက ပြပွဲအောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းနှင့် စပ်လျဉ်း၍ "အခုလိုပြပွဲကြီး အောင်အောင်မြင်မြင်နဲ့ ပြီးစီးသွားတာဟာ ပြပွဲကျင်းပရေးဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးရဲ့ ဦးဆောင်မှုနဲ့ သက်ဆိုင်ရာ တာဝန်ရှိသူတွေအားလုံး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ခဲ့ကြလို့ဖြစ်ပါတယ်။ နေပြည်တော်မှာ ပထမဆုံး အကြိမ် ကျင်းပတာဖြစ်လို့ အခက်အခဲအချို့ရှိပေမယ့် ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်နိုင်ခဲ့ကြပါတယ်။ ကျောက်ခင်းကျင်းတဲ့နေရာကို မိုးထဲရေထဲမှာ လုပ်ခဲ့ရသလို ဟိုတယ်တွေလည်း မိုးထဲရေထဲမှာ တိုးချဲ့ တည်ဆောက်ခဲ့ကြရပါတယ်။ ပို့ဆောင်ရေးအပိုင်းက ပြည်ပရတနာကုန်သည်တွေ လာရောက်တဲ့အခါ လေယာဉ်တွေ အချိန်မီရရှိဖို့၊ မော်တော်ယာဉ်တွေ ပြည့်စုံဖို့ ဆောင်ရွက်ရသလို လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းကလည်း လျှပ်စစ်ဓာတ်အားအချိန်မီလုံလောက်စွာရရှိဖို့ ဝိုင်းဝန်းကူညီခဲ့ကြပါတယ်။ ပြပွဲကာလအတွင်းမှာ ပြည်တွင်းပြည်ပ ရတနာကုန်သည်တွေသာမက တာဝန်ကျ ဝန်ထမ်းတွေအတွက်ပါ ကျန်းမာရေးတာဝန်ကျဝန်ထမ်းတွေက ကူညီစောင့်ရှောက် ပေးခဲ့ကြပါတယ်။ ပြန်ကြားရေး တာဝန်ကျဝန်ထမ်းတွေဆိုရင်လည်း ပြပွဲသတင်းတွေ နေ့စဉ်ထုတ်ပြန်နိုင်ဖို့ အချိန်နဲ့ တစ်ပြေးညီ ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါတယ်။ ဒါ့အပြင် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ လုံခြုံရေး၊ အကောက်ခွန်၊ ဟိုတယ်ခရီးစတဲ့ တာဝန်ရှိသူတွေနဲ့ ဟိုတယ်လုပ်ငန်းရှင်တွေ၊ ကျောက်မျက်၊ ပုလဲနဲ့ ကျောက်စိမ်း ဆပ်ကော်မတီများမှ တာဝန်ရှိသူတွေ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတွေအားလုံး တက်ညီလက်ညီ ဆောင်ရွက်ခဲ့ကြလို့ အားနည်းချက် အသေးအဖွဲကလွဲရင် ရန်ကုန်မှာ ကျင်းပခဲ့တဲ့ပြပွဲထက် တစ်မူထူးခြားစွာအောင်မြင်မှုရရှိခဲ့တာ ဖြစ်ပါတယ်"ဟုပြောကြားသည်။

မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ၊ ကျောက်စိမ်းနဂါးနှင့် ပတ္တမြားနဂါးကုမ္ပဏီ ဥက္ကဋ္ဌ ဦးနေဝင်းထွန်းအား ကျောက်စိမ်းအတွဲများ စံချိန်တင်ရောင်းချရမှုအပေါ် မေးမြန်းရာတွင် "နေပြည်တော်မှာ ပထမဆုံးအကြိမ်ကျင်းပတဲ့ ရတနာပြပွဲရဲ့ ထူးခြားချက်ကတော့ ကျောက်ခင်းကျင်းတဲ့နေရာ ကျယ်ကျယ်ဝန်းဝန်းရှိတာပါပဲ။ ကျောက်ခင်းကျင်းမှု အကွက်အကွင်းကောင်းတဲ့အတွက် ရတနာကုန်သည်တွေ ကျောက်စိမ်းအတွဲအားလုံးကို စိတ်တိုင်းကျ ကြည့်ရှုလေ့လာနိုင်ကြတယ်။ ရန်ကုန် MCC ပွဲက နေရာကျဉ်းတယ်။ နေပြည်တော်ရဲ့ ကျောက်ပွဲ'ပဏာ' က ကျောက်အရည်အသွေးကို ပေါ်လွင်စေတယ်။ 'ပဏာ' ဆိုတာ အလင်းပေးမှုကို ဆိုလိုတာပါ။ ကျောက်အရောင်းအဝယ်လုပ်တဲ့နေရာမှာ'ပဏာ'က အရေးကြီးတယ်။ နိုင်ငံတော်အကြီးအကဲ ချမှတ်ပေးတဲ့နေရာက ရောင်းသူဝယ်သူ နှစ်ဦးစလုံးအတွက် 'ပဏာ' ကောင်းတယ်။ နေပြည်တော်မှာ ပထမဆုံးကျင်းပတာဖြစ်ပေမယ့် MCC ပွဲထက်ကို စံချိန်ချိုးသွားတယ်။ ပွဲဦးထွက် ကောင်းတယ်ဆိုရမှာပေါ့။ ကျောက်လောကစကားနဲ့ဆိုရင် မင်္ဂလာပြည့်စုံတယ်။ မင်္ဂလာဖြစ်တယ်လို့ဆိုရမယ်" ဟု ပြောကြားသည်။

နေပြည်တော်၌ ပထမဆုံးအကြိမ်ကျင်းပသည့် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲအပေါ် ပြည်ပရတနာကုန်သည်များ စိတ်ဝင်စားမှုဖြင့် တက်တက်ကြွကြွလာရောက်ခဲ့ကြပြီး နေပြည်တော်တွင် နေထိုင်ရသည်ကို အထူးကျေနပ်အားရ ဖြစ်ခဲ့ကြသည်။ ပြပွဲကာလအတွင်း ပြည်ပရတနာကုန်သည်အချို့နှင့် တွေ့ဆုံမေးမြန်းဖြစ်ခဲ့ရာတွင် နေပြည်တော်ကို စတင်တည်ဆောက်ခဲ့သည်မှာ အချိန်ကာလအားဖြင့် မကြာသေးသော်လည်း အချိန်တိုအတွင်း ဖွံ့ဖြိုးတိုးတက်မှုကို အံ့သြဖွယ်မြင်တွေ့ရ ကြောင်း၊ ရုံးဌာနအဆောက်အအုံများသာမက အပန်းဖြေစရာနေရာများလည်း စုံလင်လှကြောင်း၊ ရာသီဥတုမှာလည်း မပူလွန်း၊ မအေးလွန်းဘဲ သင့်တင့်မျှတ၍ နေထိုင်ရသည်မှာ ကောင်းမွန်ကြောင်း၊ တည်းခိုနေထိုင် စားသောက်သွားလာရေး အဆင်ပြေပြီး လုံခြုံစိတ်ချရမှုရှိကြောင်း၊ နောင်ကျင်းပမည့် ပြပွဲများတွင် ယခုထက်ပိုမို၍ ကောင်းမွန်သော အနေအထားကို မြင်တွေ့ရမည်ဟု မျှော်လင့်ကြောင်း၊ ကျောက်စိမ်းဥယျာဉ်ကိုလည်း အထူးသဘောကျပါကြောင်းဖြင့် ပြောကြားကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်တုံပြည်နယ်မှ ကျောက်စိမ်းကုန်သည် တစ်ဦး ဖြစ်သော Mr. Liu Zhi Bin က "မိမိအနေဖြင့် မြန်မာနိုင်ငံ နေပြည်တော်၌ ပထမဆုံးအကြိမ် ကျင်းပသည့် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ တက်ရောက်ခွင့်ရရှိသည့်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ နေပြည်တော်သည် လေကောင်းလေသန့် အပြည့်အဝရရှိသည့် မြို့တစ်မြို့ဖြစ်သည့်အပြင် သဘာဝရှုခင်းအလှတရားများဖြင့် လွှမ်းခြုံထားသော မြို့တော်ဖြစ်ကြောင်း၊ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအတွက် ခံ့ညားသောပြပွဲခန်းမနှင့် ကျယ်ဝန်းသော ပြပွဲဝင်းကို စီမံတည်ဆောက်ပေးထားသည့်အပြင် အပန်းဖြေနိုင်ရန်အတွက် ကျောက်စိမ်းများ ခင်းကျင်းထားသော ကျောက်စိမ်းဥယျာဉ်ကိုပါ တွဲဖက်စီမံဆောင်ရွက်ထားသည်ကို မြင်တွေ့ရသည့်အတွက် များစွာ ကျေနပ်အားရပီတိဖြစ်မိပါကြောင်း" ပြောကြားသည်။

ကျောက်စိမ်းကုန်သည် Mr. Liu Zhi Bin သည် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ တက်ရောက်လာကြသော ကုန်သည်များနှင့် ဧည့်သည်တော်များအနေဖြင့် မြန်မာနိုင်ငံမှ ထွက်ရှိသည့် ကျောက်မျက်ရတနာများ တန်ဖိုးရှိမှုနှင့်အလှတရားကို ရှုမြင်ခံစားနိုင်စေရန် ရည်ရွယ်၍ ၎င်းဝယ်ယူခွင့်ရရှိသော ကျောက်စိမ်းအတွဲနှစ်တွဲကို ကျောက်စိမ်းဥယျာဉ်တွင် ထားရှိပြသနိုင်ရန်အတွက် အမှတ်တရလက်ဆောင်အဖြစ် ပေးအပ်လှူဒါန်းခဲ့လေသည်။ Mr. Liu Zhi Bin လှူဒါန်းသော ကျောက်စိမ်းအတွဲနှစ်တွဲကို ကျောက်စိမ်းဥယျာဉ်အတွင်း အမှတ်တရ ထားရှိသွားမည်ဖြစ်ကြောင်း သိရသည်။

နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကာလအတွင်း မြန်မာ့ကျောက်မျက်ရတနာပြတိုက် ဒုတိယအထပ်တွင် ဆပ်ကော်မတီများ၏ ယာယီရုံးခန်းများဖွင့်လှစ်၍ ရတနာပြပွဲကိစ္စရပ်များကို ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးနေကြသည်ကိုတွေ့ရစဉ်။

ပုလဲ ဆပ်ကော်မတီ အတွင်းရေးမှူး မြန်မာ့ ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ လက်ထောက် အထွေထွေ မန် နေ ဂျာ ဒေါ်သီတာမြ ပုလဲအတွဲများ ရောင်းချရမှုအခြေအနေကို ရှင်းလင်းပြောကြားစဉ်။

မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)၌ မဏိသျှတ္တာရနဝရတ်လက်ဝတ်ရတနာပစ္စည်း အရောင်းဆိုင်ဖွင့်လှစ်ရောင်းချလျက်ရှိသော မောင်မောင်ဆန်း ကျောက်မျက်ရတနာကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာ ဦးမောင်မောင်ဆန်းအား ရတနာပစ္စည်း ရောင်းချရမှုအခြေအနေကို မေးမြန်းရာတွင် "မဏိသျှတ္တာရနဝရတ်လက်ဝတ်ရတနာ ပစ္စည်းအရောင်းဆိုင်ကို မြန်မာ့ကျောက်မျက်ရတနာပြတိုက် စတင်ဖွင့်လှစ်စဉ်ကပင် ဖွင့်လှစ်ရောင်းချခဲ့ခြင်း ဖြစ်ကြောင်း၊ နဝရတ်ကိုးပါး၏ အစွမ်းသတ္တိကို ဖော်ကျူးသည့် မဏိသျှတ္တာရနဝရတ်လက်စွပ်များ၊ ကျောက်စိမ်းလက်စွပ်၊ ကျောက်စိမ်းပုတီးနှင့် ကျောက်စိမ်းဆင်းတုတော်များကို အဓိကရောင်းချလျက်ရှိပါကြောင်း၊ တရုတ်ကုန်သည်များသည် ကျောက်စိမ်းလက်စွပ်ကို ပိုမိုတန်ဖိုးထား အဝယ်များကြကြောင်း၊ တစ်ဆင့်ပြန်လည်ရောင်းချခြင်းဖြင့် အမြတ်ရရှိကြမည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာ ဝယ်ယူကြကြောင်း၊ ပြပွဲကာလအတွင်း မြန်မာ့ကျောက်မျက်ရတနာများကို ပြသရောင်းချရသဖြင့် ဝမ်းမြောက်ဂုဏ်ယူပြီး တာဝန်ရှိသူများအားလုံးကိုလည်း ကျေးဇူးတင်ပါကြောင်း" ပြောကြားသည်။

၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကြီးသည် ပြီးမြောက်အောင်မြင်ခဲ့ပြီဖြစ်သည်။ ပြည်ပရတနာကုန်သည်များအနေဖြင့် မြန်မာ့တွင်းထွက်ရတနာများဖြစ်သည့် ကျောက်မျက်နှင့် ကျောက်စိမ်းများ၊ ပုလဲများကို စိတ်ဝင်တစား ဝယ်ယူခဲ့ကြသကဲ့သို့ နေပြည်တော်၏ ဖွံ့ဖြိုးတိုးတက်မှု ပုံရိပ်များကို ကိုယ်တိုင်ကိုယ်ကျ ကြည့်ရှုလေ့လာခွင့်ရရှိခဲ့ကြလေသည်။

မြန်မာလူမျိုးတို့၏ ယဉ်ကျေးပျူငှာဖော်ရွေသော ဓလေ့စရိုက်နှင့် ဧည့်ဝတ်ကျေပွန်မှုအပေါ် ပြည်ပရတနာကုန်သည်များ ခံစားသိမြင်သွားကြပြီဖြစ်ရာ နောင်ကျင်းပမည့် ရတနာပြပွဲများတွင်လည်း ယခုကဲ့သို့ စိတ်အားထက်သန်စွာ လာရောက်ကြဦးမည်ဖြစ်သည်။ သို့ဖြစ်ရာ ယခု ရတနာပြပွဲမှ ရရှိသော အတွေ့အကြုံကောင်းများကို အခြေခံ၍ နောင်လာမည့်ပြပွဲများတွင် ပိုမို၍ ခမ်းနားထည်ဝါစွာ ကျင်းပသွားနိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကာလအတွင်း ပြည်တွင်းပြည်ပရတနာကုန်သည်များ ရတနာပစ္စည်းအရောင်းဆိုင်များ၌ စိတ်ဝင်တစား ကြည့်ရှုလေ့လာဝယ်ယူနေကြသည်ကို တွေ့ရစဉ်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အလုပ်ရုံဆွေးနွေးပွဲ နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ်၌ ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၂

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက ကြီးမှူး၍ မော်တော်ယာဉ်ကြီးများကြောင့် ယာဉ်မတော်တဆမှုများ ကျဆင်းရေးအတွက် တည်ဆောက်ရေးလုပ်ငန်းခွင်သုံး ယာဉ်မောင်းများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၂ ရက်၊ ၃ ရက်၊ ၆ ရက်၊ ၇ ရက်၊ ၈ ရက်နှင့် ၉ ရက် တို့တွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ် အုပ်ချုပ်ရေးမှူးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ အမှတ်(၃) ဆောက်လုပ်ရေးအင်ဂျင်နီယာတပ်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနတို့နှင့် နေပြည်တော်အတွင်းရှိ တည်ဆောက်ရေးလုပ်ငန်းကုမ္ပဏီ ၄၀ တို့မှ ယာဉ်မောင်း ၁၂၀၄ ဦး တက်ရောက်ခဲ့ကြသည်။

နေပြည်တော်ခရိုင် ပို့ဆောင်ရေးဦးစီးဌာန၊ နေပြည်တော်ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် နေပြည်တော်ယာဉ်ထိန်းတပ်ဖွဲ့တို့မှ တာဝန်ရှိသူများက ဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ နည်းစနစ်များ၊ ဆေးရေးအမှတ်အသားများ၊ လမ်းညွှန်အမှတ်အသားများ၊ ယာဉ်တိုက်မှုအမှား/ အမှန်များ၊ ယာဉ်တိုက်မှုဖြစ်စဉ်သာဓကများနှင့် အသိပညာပေးဇာတ်လမ်းတိုများကို ပရိုဂျက်တာပါဝါပွိုင့်ဖြင့် တင်ပြဆွေးနွေးကြပြီး ဆွေးနွေးပွဲတက်ရောက်လာကြသူများအား နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက ယာဉ်စည်းကမ်းအသိပညာပေး အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ခဲ့မှု အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒါဒို့ပြေ ဒါဒို့မြေ

မိပြည်ချစ်

မြန်မာနိုင်ငံအတွင်း မည်သည့်အရပ်ဒေသတွင်ဖြစ်စေ နေထိုင်လျက် ရှိကြပြီး **"ဘိတ်သား"**၊ **"မော်လမြိုင်သား"**၊ **"ဘားအံသား"**၊ **"ကျိုင်းတုံသား"**၊ **"ရန်ကုန်သား"**၊ **"စစ်တွေသား"**၊ **"ဖလမ်းသား"**၊ **"မကွေးသား"**၊ **"ပဲခူးသား"**၊ **"လွိုင်ကော်သား"**၊ **"တောင်ကြီးသား"**၊ **"မန္တလေးသား"**၊ **"စစ်ကိုင်းသား"**၊ **"ဗန်းမော်သား"** စသည် စသည်ဖြင့် ဒေသအစွဲပြု၍ အမည်သညာကွဲပြားမှုရှိနေပါစေ မြန်မာပြည်သားများပင် ဖြစ်ပါသည်။ ထို့အတူ အမေရိကန်၊ ကနေဒါ၊ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ ဩစတြေးလျ၊ စင်ကာပူ၊ မလေး စသော နိုင်ငံရပ်ခြားများသို့ အကြောင်းကြောင်းကြောင့် ရေကြည်ရာမြက်နုရာ တိုးတက်မှုရနိုင်မည်ဟု မျှော်လင့်ချက်ဖြင့်သွားရောက်က **"ခေတ္တခဏ"**ဖြစ်စေ၊ **"အမြဲထာဝရ"** ဖြစ်စေ နေထိုင်ကြသူများသည်လည်း မြန်မာ၌မွေး၊ မြန်မာဘိုးဘွားမိဘများမှ ဆင်းသက်လာကြသူများ ဖြစ်ပါက **"မြန်မာ"** များပင် ဖြစ်ကြပါသည်။ မြန်မာ့သွေးပါသောကြောင့် မြန်မာ့ဗီဇ၊ မြန်မာ့ဓလေ့၊ မြန်မာ့အယူအဆ အလေ့အကျင့်၊ စရိုက်လက္ခဏာများ ပျောက်၍မသွားနိုင်ပါ။

အကြောင်းကိစ္စ အရေးအရာများ နဖူးတွေ့ဒူးတွေ့ ပေါ်ပေါက်လာပါက မြန်မာ့ဓလေ့ မြန်မာ့သွေးများ မလွဲမသွေ ပေါ်ပေါက်လာမည်သာ။ မိဘမောင်နှမ၊ တိုင်းပြည်ချစ်စိတ်ဖြင့် သွေးစည်းကြမည်သာ။ မည်သို့ပင် သွေးခွဲစကားများကြောင့် ညီအစ်ကို၊ မောင်နှမ ဆွေမျိုးတစ်စု ခိုက်ရန်ဖြစ်ပွားအချင်းများပါစေ ဤသည်မှာ တစ်ခဏမျှသာ ဖြစ်ပါလိမ့်မည်။ တကယ်တမ်းလိုအပ်လာပါက အချိန်မရွေးပြန်လည်စည်းလုံးပြီး အမျိုးထိလျှင် မချိအောင် **"နာတတ်"** ကြသည်ချည်းပင်ဖြစ်ပါသည်။

ယခုအခါ ၂၀၁၀ ရွေးကောက်ပွဲကြီး တည်ငြိမ်အေးချမ်းစွာ ပြီးစီးသွားပါပြီ။ စဉ်းစား တွေးတော ဆင်ခြင်တုံတရားများ၊ နိုင်ငံချစ်စိတ်များ၊ မြန်မာ့သွေးများ၊ ဗီဇများဖြင့် အားလုံး ဝိုင်းဝန်းဆောင်ရွက်ခဲ့ကြပြီးပါပြီ။ လွတ်လပ်ပြီး တရားမျှတစွာ၊ တည်ငြိမ်အေးချမ်းစွာ ဖြတ်ကျော်နိုင်ခဲ့ပါပြီ။ မဲဆန္ဒပေးကြရာတွင် လူသားများပီပီ အစွဲများ၊ အမှားများ ရှိကောင်းရှိနိုင်သော်လည်း နိုင်ငံတကာမျက်နှာစာတွင် ဂုဏ်သိက္ခာအပြည့်ဖြင့် လွတ်လပ်ပြီး တရားမျှတစွာ အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ခဲ့ကြပြီးပါပြီ။

ကိုယ့်နိုင်ငံအရေး ကိုယ်သာဆုံးဖြတ်ရမည့် အခွင့်အရေးကို မြန်မာပြည်သူအားလုံး ကောင်းစွာအသုံးချနိုင်ခဲ့ပါပြီ။ နိုင်ငံရပ်ခြားက မည်သို့ပြောပြော၊ သွေးထိုးပေးပေး **"စည်းလုံးညီညာ အောင်ကြောင်းဖြာ"** ကြောင်းကို ပြသနိုင်ခဲ့ပါပြီ။

ရွေးကောက်တင်မြှောက်ခံထားရသော အမတ်လောင်းများကလည်း ပြည်သူလူထုနှင့် ထိတွေ့ခဲ့ကြပြီး မိမိတို့လုပ်ဆောင်ရမည့် တာဝန်များ၊ ပျက်ကွက်ခဲ့ရသော တာဝန်များကို သိနားလည်ခွင့်ရခဲ့ကြပါပြီ။ ရှေ့ဆက်ရမည့်ခရီးအတွက် စည်းလုံးညီညာကြရန် ဆုံးဖြတ်ကာ အကောင်းဆုံးဆောင်ရွက်သွားကြရန်သာ လိုပါသည်။ **"အများအကျိုး"** ဆောင်ရွက်ပေးနိုင်ရန် နိုင်ငံရေးမျက်နှာစာတွင် တညီတညာတည်း လှုပ်ရှားသွားကြရန်သာ လိုအပ်ပါသည်။

တစ်ဦးတစ်ယောက်တိုင်း အတိတ်ကအမှားများကို ပြုပြင်ကာ ရှေ့သို့အကောင်းဆုံးသော စိတ်စေတနာ၊ ရင့်ကျက်သော အတွေးအခေါ်၊ မှန်ကန်သောဆုံးဖြတ်ချက်၊ လေးစားဖွယ် အကျင့်သိက္ခာများ၊ သမာဓိတရားများကို ကြိုးပမ်းတည်ဆောက်ကြရပေမည်။ အာဃာတများ၊ ရန်ငြိုးများ၊ နေရာရယူလိုမှုများ၊ မာန်မာနတရားများ ဖယ်ရှားကာ အတွေးသစ်၊ အမြင်သစ်များဖြင့် ကြိုးပမ်းသင့်ကြပေသည်။

ဘာသာတရား အဆုံးအမနဲ့အညီ အလှူအတန်းရက်ရောပြီး ဒုက္ခရောက်နေသူမှန်ရင် ဖြူဖြူမည်းမည်း စားစရာသောက်စရာ၊ နေစရာ မျှဝေစာနာထောက်ထားတတ်တဲ့ ဓလေ့စရိုက်များကြောင့် **"မီးလောင်မှု"**၊ **"ရေကြီးမှု"**၊ **"သဘာဝအန္တရာယ်ကြုံတွေ့မှု"**၊ **"ငလျင်လှုပ်မှု"**၊ **"နာဂစ်"** မုန်တိုင်းကဲ့သို့ အသက်အိုးအိမ်များစွာ ဆုံးရှုံးမှု စသည် စသည်တို့ကို နှစ်တိုအချိန်တိုအတွင်း ကျော်လွှားနိုင်ခဲ့ပြီးဖြစ်ပါသည်။ **"မည်သူမဆို ကူညီသည်ဖြစ်စေ၊ မကူညီသည်ဖြစ်စေ"** ကိုယ့်ပြည်တွင်းအား၊ မိသားစု ဖွဲလုံ့လအား၊ ဆွေမျိုးမိတ်ဆွေအား၊ ဆရာတော်ကြီးများ၏ ဆုံးမစကား လမ်းညွှန်ကူညီမှုအားများဖြင့် အရေးကြုံတိုင်း ကျော်လွှားအောင်မြင်နိုင်ခဲ့ကြသည်ချည်းပင် ဖြစ်ပါသည်။ မီးသတ်၊ ကြက်ခြေနီ၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးအသင်းအဖွဲ့၊ ရပ်ရွာလူငယ်များ၊ သာသနာရေးအသင်းအဖွဲ့များ၊ နာရေးကူညီမှုအသင်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုအသင်းများ၊ စေတနာ့ဝန်ထမ်းများ၊ တစ်ဦးချင်းပုဂ္ဂိုလ်များ စသည်ဖြင့် ပြောမကုန်နိုင်လောက်အောင် စိတ်အားထက်သန်မှုများ၊ သဒ္ဓါတရားများ၊ ကရုဏာ မုဒိတာမေတ္တာတရားများဖြင့် တစ်ယောက်တစ်လက် ကူညီခဲ့ကြသည်ချည်းပင်။

ရွေးကောက်ပွဲရလဒ်အပေါ်မူတည်၍ ရှေ့ဆက်ရမည့်ခရီး မခက်ခဲနိုင်ပါ။ ဘေးထိုင် ဘုပြောသူများကလည်း အပြောရပ်ပြီး တစ်လက်တစ်အား ပါဝင်ကူညီသင့်ပါပြီ။ အဝေးမှာနေပြီး လေလှိုင်းများကတစ်ဆင့် အော်ဟစ်နေသူများလည်း ဒီလိုဝေဖန်ပုတ်ခတ်နေမည့်အစား နိုင်ငံရပ်ခြားတွင် နေထိုင်ခွင့်ရသူပီပီ သူတို့ဆီကအကောင်းတွေ၊ စနစ်၊ နည်းပညာအတွေ့အကြုံတွေကို ကိုယ့်ပြည်တွင်းသို့ နည်းအမျိုးမျိုးဖြင့် တင်ပို့သင့်ပါပြီ။ စီးပွားရေးသမားများကလည်း တစ်ဦးဖြင့် မစွမ်းသာသည်ကို စုပေါင်းအားဖြင့် စွမ်းဆောင်ကာ စိတ်ဝမ်းများ မကွဲ၊ လောဘအတ္တမများဘဲ စုစည်းညီညာမှုဖြင့် တိုးတက်မှုနှေးတယ်လို့ ပြောပြောနေတဲ့ စီးပွားရေးကို နည်းလမ်းမျိုးစုံနဲ့ တိုးမြှင့်ပေးနိုင်ဖို့၊ ဝင်ငွေတိုးတက်ပြီး အကျိုးစီးပွား ပိုမိုဖြစ်ထွန်းလာစေဖို့ ကြိုးပမ်းလုပ်ဆောင်သင့်ပါပြီ။

အရေးအကြောင်းပေါ်လာ ဖြစ်လာမှ လူထု၊ နိုင်ငံရေးသမား၊ အသိအတတ်ပညာရှင်၊ စီးပွားရေးသမားစသည်ဖြင့် လူပုဂ္ဂိုလ်တစ်ဦးချင်းခွဲခြားပြီး အပြစ်ဖို့ဝေဖန်ခြင်းများ ရပ်သင့်ပါပြီ။ ကိုယ့်နိုင်ငံရှိ သဘာဝအရင်းအမြစ်၊ ရေအရင်းအမြစ်၊ တောတောင်များ၊ သတ္တုတွင်းများ၊ ကျောက်မျက်များကို တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာနိုင်ရေးအတွက် လူသားစွမ်းအား၊ စက်စွမ်းအားများပေါင်းစပ်လျက် ယခုထက် ပိုမိုတိုးတက်အောင် လုပ်ဆောင်သင့်ပါပြီ။

ဓလေ့စရိုက်၊ အမူအကျင့်၊ အပြောအဆို၊ အတွေးအခေါ်များကို သင်ယူနိုင်ရေး၊ ပြုပြင်နိုင်ရေး၊ မျိုးဆက်သစ်များကို လက်ဆင့်ကမ်း အမွေပေးနိုင်ရေးများကိုလည်း ဦးတည်စဉ်းစား အကြံပေး ကူညီသင့်ပါပြီ။

နိုင်ငံတိုင်း မိမိနိုင်ငံ၏အလံ၊ နိုင်ငံတော်သီချင်းကို အားရပါးရ အလေးထားမြတ်နိုးကြပါသည်။ မိမိတို့၏ နိုင်ငံတော်သီချင်းတွင်လည်း အနှစ်အဓိပ္ပာယ်အပြည့် ပါဝင်ပါသည်။ ထို့အပြင် တာဝန်များလည်း ဆက်လက်ယူကြရပါမည်။ အဓိပ္ပာယ်လည်း ပြည့်ဝ၊ သီဆိုရာ၌လည်း အားအလွန်ပါပါသည်။ ထို့ကြောင့် ပြည်သူတိုင်း နိုင်ငံတော်အလံနှင့် နိုင်ငံတော်သီချင်းအပေါ် တန်ဖိုးထားလေးစားသည့် နိုင်ငံကြီးသားများ ဖြစ်ကြစေချင်ပါသည်။

နှစ်ပေါင်းများစွာ ခေတ်တွေပြောင်း၊ လူတွေပြောင်း၊ စနစ်တွေပြောင်းခဲ့ပါစေ ဧရာဝတီ၏ရေ၊ တောင်တန်းကြီးတွေကာရံထားသော မြန်မာ့မြေ၊ သစ်တောကြီးတွေ ဝန်းရံထားသော မြန်မာ့အလှ၊ တရားမျှတမှု မြတ်နိုးသော မြန်မာ့စိတ်၊ ပြဟ္မစိုရ်တရားရင်မှာအောင်းပြီးသော မြန်မာ့ဓလေ့၊ လောကပါလတရားများထွန်းကားရာ သာသနာရောင်လွှမ်းသော မြန်မာ့လူ့ဘောင်တို့ကို သေချာသုံးသပ်ဆက်စပ်ကြည့်လေ **"မြတ်နိုးဖွယ် ကောင်းလေ"** ဖြစ်သည်ကို တွေ့မြင်ကြရမည်သာ။

- တုန္နိုင်းမရသော မဟာမြတ်မုနိ၊ ရွှေတိဂုံ၊ ကျိုက်ထီးရိုးစသည့် ကမ္ဘာ့အံ့ဖွယ်များတည်ရှိရာ မြန်မာ့သာသနာ၊
- မိဘဆရာ၊ တပည့်သားသမီး၊ ဆွေမျိုးသားချင်း၊ မိတ်ဆွေ သူငယ်ချင်းတို့အပေါ် ရှိနေပြီးသောဝတ္တရား၊ တာဝန်များ၊ သံယောဇဉ်တရားများဖြင့် ကြည်နူးရင်ခုန်ဖွယ်ရာများရှိသော မြန်မာ့မြေ၊
- တစ်ဦးနှင့်တစ်ဦး အကြင်နာမေတ္တာများလွှမ်းခြုံကာ ပြုံးရွှင်ပျော်မြူး ဆက်ဆံနိုင်ခွင့်ရှိရာ မြန်မာ့မိသားစုနေအိမ်၊ နွေးထွေးချမ်းမြေ့ဖွယ်ရာ မိသားစုအိမ်၊
- ကူညီမှု၊ စာနာမှု၊ ရိုင်းပင်းမှု၊ ဝိုင်းဝန်းစောင့်ရှောက် စောင်မကြည့်ရှုမှုများ လွှမ်းမိုးထားရာ မြန်မာမှုနယ်မြေ၊
- လက်ဆင့်ကမ်း ယဉ်ကျေးမှုဓလေ့အမွေများ၊ ကိုယ်ကျင့်တရားကောင်းများ၊ မင်္ဂလာတရားများပြည့်လွှမ်းရာ မြန်မာမှုနယ်မြေ၊
- တစ်ဦးကိုတစ်ဦး ဂါရဝပြုလေးစားချစ်ခင်တတ်သော ဓလေ့ထွန်းကားရာမြေ၊
- လူမျိုးစုများစုပေါင်းနေထိုင်ရာ ချစ်စဖွယ်ဓလေ့စရိုက်ကောင်းများ ရှိရာနယ်မြေ

စသည့် စသည့်အကောင်းများ၊ မြတ်နိုးဖွယ်ရာများ ပြည့်လျှံနေသည့်မြေကို **"ဒို့ပြေ ဒို့မြေ"** ဟူသော ချစ်မြတ်နိုးစိတ်အပြည့်ဖြင့် ကိုယ်ရွေးချယ်ပေးထားသော အမတ်များနှင့်အတူ နောင်အနာဂတ် ဖွံ့ဖြိုးစည်ပင်တိုးတက်မှုအတွက် လူငယ်လူကြီး ကျား မ မရွေး လက်တွဲကြိုးပမ်းလုပ်ဆောင်ကြပါလျှင် ပထမငါးနှစ်အတွင်း မျှော်မှန်းထားသောရည်မှန်းချက်များ အောင်မြင်ပြည့်ဝပြီး ချမ်းမြေ့သာယာငြိမ်းချမ်းသော လူ့ဘောင်တစ်ခုအဖြစ် ထူထောင် တည်ဆောက်ကြပါစို့။

ကျေးလက်၊ မြို့ပြမခွဲခြားဘဲ တိုးတက်ဖွံ့ဖြိုးဝေစည်ကာ မြန်မာကိုကမ္ဘာ့အလယ် တင့်တယ်အောင် စွမ်းဆောင်အကျိုးပြုကြပါစို့။ ချစ်စရာမြန်မာ့မြေ၊ မြန်မာ့ရေ၊ မြန်မာ့ ဓလေ့များကို ဘိုးဘွားအမွေအစစ်၊ ချစ်မြတ်နိုးဖွယ်အဖြစ် ဝိုင်းဝန်းလုပ်ဆောင်ကြပါစို့။ **"ဒီမိုကရေစီ"** နိုင်ငံသစ်တွင် တာဝန်ကျေမှု၊ တာဝန်ယူမှု၊ နိုင်ငံချစ်စိတ်ဖြင့်လုပ်ဆောင်မှု၊ စည်းလုံးညီညာသွေးစည်းမှုများစွာကို ကြိုးစားလုပ်ဆောင်ကြပါစို့။

- ခေတ်မီတိုးတက်သော မြန်မာ၊
- စည်းကမ်းစနစ်ကောင်းသော မြန်မာ၊
- အသိပညာတိုးတက်ဖွံ့ဖြိုးသော မြန်မာ၊
- ယဉ်ကျေးမှုရိုးရာဓလေ့ကောင်းများ ထွန်းကားရာ မြန်မာ၊
- ဘာသာ သာသနာအရောင်လင်းသော၊ ထွန်းကားပြန့်ပွားသော မြန်မာ

ဖြစ်အောင်ကြိုးပမ်းကြပါစို့။ စေတနာမေတ္တာများ၊ ဖွဲလုံ့လဝီရိယများ အပြည့်အဝ ပေးဆပ်လျက် ကြိုးပမ်းလုပ်ဆောင်ကြပါစို့။ မျှော်မှန်းထားသော အနာဂတ်အိပ်မက်များကို အကောင်အထည်ဖော်ကြပါစို့။ တာဝန်ကျေကြပါစို့။ လောကပါလတရားများ၊ ပြဟ္မစိုရ်တရား၊ မင်္ဂလာတရားများထွန်းကားရာ **"ဒါဒို့ပြေ ဒါဒို့မြေ"**ကို ဝိုင်းဝန်းကာ အားအင်အပြည့်ဖြင့် ထူထောင်ကြပါစို့။

ရှမ်း၊ ချင်း၊ ကချင်၊ မွန်၊ ရခိုင်၊ ကယား၊ ကရင်၊ ဓနု၊ ပလောင်၊ ပအိုဝ်း၊ ဝ၊ အင်းသား၊ အခါ စသည်တို့ဖြင့် စုပေါင်းနေထိုင် ဖွဲ့စည်းတည်ထောင်ထားခဲ့သော ပြည်ထောင်စုကြီးကို "ဒါဒို့ပြေ ဒါဒို့မြေ"အဖြစ် လက်ဆင့်ကမ်းအမွေကို ထိန်းသိမ်းပြီး တိုးတက်ခေတ်မီ ဖွံ့ဖြိုးအေးချမ်းသော နိုင်ငံတော်အဖြစ် တည်ဆောက်ကြပါစို့။ ရည်မှန်းချက် အဓိဋ္ဌာန်များချမှတ်ပြီး စုပေါင်းညီညာအားမာန်များဖြင့် တည်ဆောက်ကြပါစို့။

နိုင်ငံကြီးတချို့က ဦးဆောင်ပြီး မည်သို့အဝေးက ဝေဖန်နေပါစေ၊ တကယ့်တကယ် အခက်အခဲများကို ရင်ဆိုင်ကျော်လွှားဆောင်ရွက်နိုင်စေရန်၊ အနိုင်ယူ အောင်မြင်မှုရစေရန်၊ ပြုံးပျော်တင့်တယ်နိုင်သော **"ဒါဒို့ပြေ ဒါဒို့မြေ"** ဖြစ်စေရန်အတွက် တစ်ဦးကိုတစ်ဦး လက်တွဲခိုင်ခိုင် ဖေးမကူညီပြီး **"မေတ္တာ၊ စေတနာ၊ ကရုဏာ၊ မုဒိတာ"** တရားများ၊ ရိုးစင်းဖြူစင်သော ဓမ္မအမြင်များဖြင့် **"အများအကျိုးရွက်သယ်ပိုးက ခနိုးခနဲ့ ဆိုကဲ့ရဲ့လည်း မဖွဲ့မစောင်း ကိုယ့်လမ်းကြောင်းကို စိတ်ကောင်းနဲ့ယှဉ်ရှေးရှုနှင်လော့"** ဆိုသည့်ဆုံးမစကားနှင့်အညီ **"ဒို့ပြေ ဒို့မြေ"**အတွက် အားမာန်အပြည့် ခရီးဆက်ကြပါစို့ဟူ၍ တိုက်တွန်းတင်ပြလိုက်ရပါသည်။ ။

ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၁၂ ရက်က ယင်းကျောင်းခန်းမ၌ ကျင်းပရာ ဆဋ္ဌမတန်းကျောင်းသူ မပန်းသီရိထွန်းက အောင်စေပိုင်စေသီချင်းအကဖြင့် ဖျော်ဖြေစဉ်။

(ကြေးမုံ)

(၁၇)ကြိမ်မြောက် ကျုံမငေး အထက အာစရိယပူဇော်ပွဲကျင်းပမည်

နေပြည်တော် ဒီဇင်ဘာ ၁၂

(၁၇)ကြိမ်မြောက် ကျုံမငေး အထက (ယခင် BOARD School)တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး အငြိမ်းစားယူသွားသော အသက်(၆၀)ပြည့် ကျေးဇူးရှင်ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများက ပူဇော်ကန်တော့ပွဲ အခမ်းအနားကို ကျုံမငေးမြို့ ရွှေကျုံရတနာခန်းမ၌ ဒီဇင်ဘာ ၂၆ ရက်(တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ရာ ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ကြသော ကျောင်းသား၊ ကျောင်းသူများကိုလည်း ကျုံမငေးအသင်းက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်မည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

ကန်တော့ခံကြမည့် ဆရာကြီး၊ ဆရာမကြီးများနှင့် ရပ်နီးရပ်ဝေးမှ ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုပါက ရန်ကုန်မြို့တွင် ကျုံမငေးအသင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီးအောင်သန်း(ငြိမ်း) ဖုန်း-၅၇၈၁၉၇၊ ဒုတိယဥက္ကဋ္ဌ ဦးဦးမြင့် ဖုန်း-၀၉-၅၁၆၄၄၄၀၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့် ဖုန်း-၀၉-၄၉၂၆၈၇၂၂၊ အတွင်းရေးမှူး ဦးသန်းနိုင် ဖုန်း-၀၉-၅၁၁၈၆၄၄၊ ဦးခင်မောင်မြင့် ဖုန်း-၂၂၄၃၂၆၊ ဘဏ္ဍာရေးမှူး ဦးချစ်သန်း ဖုန်း-၀၉-၅၁၀၁၅၁၂၊ ကိုမင်းမင်း ဖုန်း-၀၉-၅၀၀၉၅၄၅၊ ကိုလှဌေး ဖုန်း-၀၉-၅၁၀၉၆၄၄၊ ကျုံမငေးအသင်း ဖုန်း-၂၂၇၅၅၁ နှင့် ကျုံမငေးမြို့တွင် ဒေါ်တင်တင်မြိုင်(ကျောင်းအုပ်ဆရာမကြီး) ဖုန်း-၀၄၂-၆၅၃၉၈၊ ဥက္ကဋ္ဌ ဦးကြည်ခင် ဖုန်း-၀၉-၈၅၃၇၇၃၃ နှင့် ဦးသိန်းနိုင်(အထပြ)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း အပြည်ပြည်ဆိုင်ရာကုန်စည်ပြပွဲ ဖွင့်ပွဲ၌ ခန်းမအတွင်း ခင်းကျင်းပြသထားသည်များကို လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနား တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း တက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၁၂

အပြည်ပြည်ဆိုင်ရာကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၉ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း တက်ရောက်၍ တာဝန်ရှိသူတို့နှင့်အတူ ပြပွဲကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူတို့သည် ခန်းမအတွင်း ခင်းကျင်းပြသထားသည့် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်း အမျိုးမျိုးတို့ကိုလှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် တိုင်းမှူးသည်ဗဟန်းမြို့နယ်ကမ္ဘာအေးစေတီလမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ သွားရောက်၍ ဆေးရုံတက် ကုသမှုခံယူလျက်ရှိသော သံဃာတော်များနှင့် သီလရှင်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းစစ်ဌာနချုပ်ခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့်တွေ့ဆုံပွဲသို့ တက်ရောက်၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ယင်းနောက် မင်္ဂလာဒုံမြို့နယ် နယ်မြေခံတပ်ရင်း၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကိုလှည့်လည် ကြည့်ရှုစစ်ဆေး၍ နယ်မြေခံတပ် သင်တန်းခန်းမ၌ စစ်သည်များနှင့်တွေ့ဆုံပြီး လိုအပ်သည်များမှာကြားကာ အားကစားပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် နယ်မြေခံတပ်ရင်းအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးပြီးလိုအပ်သည်များမှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အချိန်အခါမဲ့မိုးရွာသွန်းမှုကြောင့် ရိတ်သိမ်းပြီး၊ ရိတ်သိမ်းဆဲ၊ ရိတ်သိမ်းမည့် မိုးစပါးများလေလွင့်ဆုံးရှုံးမှုမရှိစေရန် တောင်သူလယ်သမားများသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ နှိုးဆော်ချက်ထုတ်ပြန်ခြင်း

- မိုးရွာနေစဉ် လုံးဝ စပါးမရိတ်သိမ်းပါနှင့်။
- ရိတ်သိမ်းဆဲ စပါးခင်းများကို အချိန်အခါမဲ့ မိုးရွာပြီးသည်အထိ ခေတ္တရပ်ထားပါ။ မရိတ်သိမ်းရသေးသော စပါးခင်း၏ စပါးစေ့များသည် ရိတ်သိမ်းပြီး ကောက်လှိုင်းရှိ စပါးစေ့များထက် လေလွင့်ဆုံးရှုံးမှု ပိုမိုသက်သာစေသည်။
- ရိတ်သိမ်းပြီးကောက်လှိုင်းများကို အမြန်ဆုံးခြွေလှေ့၍ အမိုးအကာအောက်သို့ပို့ပါ။
- ရိတ်သိမ်းထားသည့်စပါးခင်းအနီးနှင့် နီးစပ်ရာကုန်းမြင့်တွင် စပါးခြွေစက်ဖြင့် ချက်ချင်းခြွေပြီး တလင်းပျောက်စနစ်ကျင့်သုံးပါ။
- ရိတ်သိမ်းပြီးစပါးကို အမြန်ဆုံးခြွေနိုင်ရန် ကျေးရွာများရှိ စပါးခြွေစက်များအားလုံးကို စက်စွမ်းအားပြည့်အသုံးချ၍ ဆောင်ရွက်ပါ။ လိုအပ်ပါက စက်မှုလယ်ယာဦးစီးဌာန၏အကူအညီ ရယူဆောင်ရွက်ပါ။
- နယ်လှေ့ပြီးစပါးများကို အမြန်ဆုံးအိတ်သွတ်၍ အမိုးအကာအောက်သို့ ပို့ပါ။
- စပါးခြွေနယ်လှေ့ရန် အချိန်မမီပါက ကောက်လှိုင်းများကို လယ်ကွက်ထဲသို့မထားဘဲ အမိုးအကာအောက် ချက်ချင်းပို့ပါ။
- ကောက်လှိုင်းများရွှေ့ပြောင်းရန် အချိန်မမီပါက တာလပတ်၊ ပလတ်စတစ် စသည့် အမိုးအကာများနှင့် ဖုံးအုပ်ထားပါ။
- ရိတ်သိမ်းပြီး စပါးခင်းထဲတွင်ကောက်ပြန့်များရှိပါက အမြန်ဆုံးကောက်လှိုင်းစည်း၍ အနှံ့ထောင်ပြီးထားပါ။ ကောက်လှိုင်းများကို မိုးရေ လျှောဆင်းနိုင်ရန် တစ်ဖက်ရပ် ပုံထားပါ။
- စပါးခြွေသော တလင်းများ၏ ပတ်လည်တွင် ရေနုတ်မြောင်းများ ပြုလုပ်ထားပါ။
- တလင်းအတွင်း ကောက်ပြန့်တွင် မိုးမိပါက ကောက်ရိုးများအမြန်ဆုံးဖယ်ရှား၍ ရေစိုစပါးများကို နေလှမ်းအခြောက်ခံပါ။
- ကောက်လှိုင်းများခြွေခြင်း၊ စပါးများအမြန်ရွှေ့ခြင်း၊ ခြွေပြီးစပါးများ ရွှေ့ပြောင်းခြင်း၊ ကောက်လှိုင်းများကို အဖုံးအကာများနှင့် ဖုံးခြင်း စသည့်လုပ်ငန်းများကို လက်စားလိုက်စနစ်ဖြင့်လည်းကောင်း၊ စုပေါင်းဖွဲ့စည်း၍လည်းကောင်း လူအင်အား၊ စက်အင်အားအပြည့်အဝအသုံးပြု၍ ဆောင်ရွက်ပါ။
- လိုအပ်သောအကူအညီများကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ လုပ်ငန်းဌာနများ၊ တိုင်း/ခရိုင်/ မြို့နယ် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များနှင့် ညှိနှိုင်းဆက်သွယ်၍ အကူအညီများ ရယူဆောင်ရွက်ပါ။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

နေပြည်တော်၌ နိုင်ငံတကာအဆင့်မီ အပြည်ပြည်ဆိုင်ရာကျောင်း တည်ဆောက်မည်

နေပြည်တော် ဒီဇင်ဘာ ၁၂

မြန်မာနိုင်ငံ၌ ထူးချွန်ထက်မြက်သော လူသားအရင်းအမြစ်များမွေးထုတ်ပေးနိုင်မည့် နိုင်ငံတကာအဆင့်မီ အပြည်ပြည်ဆိုင်ရာကျောင်းတစ်ကျောင်း တည်ဆောက်ဖွင့်လှစ်ရန်ရည်ရွယ်ချက်ဖြင့် Young Investment Group ကုမ္ပဏီလီမိတက်ကတာဝန်ယူတည်ဆောက်မည့် International School (Naypyitaw) ပန္နက်တင် မင်္ဂလာအခမ်းအနားကို ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းက နေပြည်တော်ခရိုင် ဒက္ခိဏသီရိမြို့ သံတမန်ဇုန်ရှိ International School (Naypyitaw) တည်ဆောက်မည့်မြေနေရာ၌ ကျင်းပပြီး စီမံကိန်းလုပ်ငန်းများကို စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

သင်ကြားသွားမည်

အဆိုပါ International School (Naypyitaw)ကို မြေဧရိယာအကျယ်အဝန်း ၁၃ဒသမ၆ ဧကပေါ်၌တည်ဆောက်သွားမည်ဖြစ်ပြီး စီမံကိန်းတွင် အဓိကအားဖြင့် Pre-School Zone, Primary School Zone, Secondary School Zone နှင့် Active Recreation Zone ဟူ၍ ဇုန်လေးဇုန်ကို တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။ International School (Naypyitaw)တွင် နိုင်ငံတကာအသိအမှတ်ပြု လိုင်စင်ရ ဆရာ၊ ဆရာမများကိုသာ ရွေးချယ်ခန့်အပ်ထားရှိပြီး International Baccalaureate System (IB)သင်ရိုးညွှန်းတမ်းဖြင့် ဘာသာစကား၊ လူမှုရေးသိပ္ပံဘာသာ၊ သင်္ချာဘာသာ၊ပန်းချီအနုပညာ၊ သိပ္ပံဘာသာ၊ ပင်ကိုစရိုက်ကောင်းရရှိရန်ပညာနှင့် လူမှုဆက်ဆံရေးပညာတို့ကို သင်ကြားသွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အသုံးချဆေးဝါး စီမံခန့်ခွဲမှုသင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၂

မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းကကြီးမှူး၍လက်တွေ့အသုံးချ ဆေးဝါးစီမံခန့်ခွဲမှုသင်တန်း အပတ်စဉ် (၁၀) ဆင်းပွဲအခမ်းအနားကို ဒီဇင်ဘာ၇ရက်တွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း UMFCCI Tower ရှိ မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်း ကုန်သည်များနှင့် လုပ်ငန်းရှင်များ အသင်းရုံး၌ ကျင်းပရာ မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာဝင်းစည်သူက သင်တန်းဆင်း အမှာစကားပြောကြားပြီးအမှုဆောင်များနှင့်အတူ သင်တန်းဆရာများအား ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ ဦးသန့်ဇင်က သင်တန်းမှူးချုပ် ဒေါက်တာမီမီကိုအား ဂုဏ်ပြုလက်ဆောင်ကို လည်းကောင်း၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်များက သင်တန်းဆင်းလက်မှတ်များကို လည်းကောင်း ပေးအပ်ကြ၍ သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက်သင်တန်းတွင် ထူးချွန်စွာအောင်မြင်သည့် သင်တန်းသူ မငုဝါရှိန်အား ဂုဏ်ပြုလက်ဆောင် ပေးအပ်ပြီး သင်တန်းမှူးချုပ် ဒေါက်တာမီမီကိုက နိဂုံးချုပ် အမှာစကားပြောကြားသည်။

အဆင့်မြင့်လက်တွေ့အသုံးချဆေးဝါးစီမံခန့်ခွဲမှု သင်တန်းကို ၂၀၁၁ ခုနှစ် ဇန်နဝါရီလဆန်းပိုင်းတွင် ဖွင့်လှစ်မည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက အသင်းရုံးဖုန်း-၂၁၄၈၃၄နှင့် ၂၀၆၂၀၅တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

လက်ဆောင်ပေးအပ်

မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်း ကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာဝင်းစည်သူ လက်တွေ့အသုံးချဆေးဝါးစီမံခန့်ခွဲမှုသင်တန်းတွင် ထူးချွန်စွာအောင်မြင်သည့် သင်တန်းသူ မငုဝါရှိန်အား ဂုဏ်ပြုလက်ဆောင်ပေးအပ်စဉ်။ (သတင်းစဉ်)

ရန်ကုန်အရှေ့ပိုင်းခရိုင် သယ်န်းကျွန်းမြို့နယ် (၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ ဒုတိယထူးချွန်ဆုရ အလက (၄)သင်္ဃန်းကျွန်း မှ မယုယုလွင်အား မြို့နယ်ပညာရေးမှူး ဦးရှိန်းလိန်းအောင် ဆုချီးမြှင့်စဉ်။ (၅၀၆)

လက်တွေ့အသုံးချ JAVA, JEE သင်တန်းများ ဖွင့်လှစ်မည်

ရန်ကုန် ဒီဇင်ဘာ ၁၂

ကွန်ပျူတာ Programming နည်းပညာရပ်များကို စိတ်ဝင်စားသူများနှင့် ပြည်တွင်း၊ ပြည်ပတွင် အောင်မြင်သော JAVA/ JEE Developer တစ်ယောက်အဖြစ် ဝင်ရောက်လုပ်ကိုင်လိုသူများအတွက် လက်တွေ့အသုံးချ Programmingသင်တန်းများကို Gustoကွန်ပျူတာ နည်းပညာသင်တန်းကျောင်းမှ နိုင်ငံတကာ Software Development အတွေ့အကြုံရှိ ဆရာများက သင်ကြားပေးမည်ဖြစ်သည်။

သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်မှာမြန်မာလူငယ်များ Programming နည်းစနစ်များကိုစနစ်တကျ နားလည်တတ်ကျွမ်း၍ လက်တွေ့လုပ်ငန်းခွင်တွင် ထိထိရောက်ရောက် အသုံးချနိုင်စေရန်ဖြစ်ပြီး ယင်းရည်ရွယ်ချက် ပြည့်မီစေရန် Gusto က JAVA/ JEE သင်တန်းများကို Level နှစ်ဆင့်ခွဲခြား၍ သင်ကြားပေးလျက်ရှိသည်။

Level (1)ဖြစ်သော Software Solution with JAVAသင်တန်းတွင် JAVA ၏ အဓိကကျသော Core Programming Techniques နှင့် Concepts များကို လေ့လာရမည်ဖြစ်ပြီး သင်တန်းသားများ၏ Programming နှင့် စပ်လျဉ်းသော အတွေးအခေါ်၊ အယူအဆများ မြင့်မားတိုးတက်လာစေရန် လေ့ကျင့်ပေးမှုများလည်း ပါဝင်မည်ဖြစ်သည်။

ယင်းကဲ့သို့ Programming ဆိုင်ရာ အနှစ်သာရများ၊ အယူအဆများကို စနစ်တကျနားလည် သဘောပေါက်ခဲ့ပါက နောင်အသစ်အသစ်ပေါ်လာမည့် Programming Language များကို မိမိကိုယ်တိုင်လေ့လာရုံဖြင့် နားလည်တတ်ကျွမ်းနိုင်မည်ဖြစ်သည်။

အဆင့်မြင့် Level(2) အတန်းဖြစ်သော Web JAVA (JEE) သင်တန်းတွင် Database နှင့် ချိတ်ဆက်၍ Internet အပေါ်တွင် အသုံးပြုနိုင်သော Dynamic Web Application တစ်ခုကို တည်ဆောက်နိုင်ရန်အတွက် သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းပြီးဆုံးပါက သင်တန်းသားများအနေဖြင့် Web Applicationများကို ကိုယ်တိုင်တည်ဆောက်နိုင်မည်ဖြစ်ပြီး ပြည်တွင်း၊ ပြည်ပ Software လုပ်ငန်းခွင်သို့ Web Developer တစ်ယောက်အနေဖြင့် တိုက်ရိုက်ဝင်ရောက်လုပ်ကိုင်နိုင်စေမည်ဖြစ်သည်။

အဆိုပါသင်တန်းများကို Programming အခြေခံရှိသူမည်သူမဆိုတက်ရောက်နိုင်ကြပြီး Programming အခြေခံမရှိသေးသူများသည် Programming Fundamental သင်တန်းမှ တစ်ဆင့်တက်ရောက်နိုင်ကြသည်။ စိတ်ပါဝင်စားသူများအနေဖြင့် Gusto ကွန်ပျူတာနည်းပညာသင်တန်းကျောင်း အမှတ် (၂၆) ၁၄ လမ်း (အောက်ဘလောက်) လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၄၄၉၆၊ ဖုန်း-၀၉-၈၆၂၈၈၀၆တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

မီးသတိပြု

အထက(ဇလွန်) အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၂

အထက (ဇလွန်) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား (၃၃)ကြိမ်မြောက်အာစရိယပူဇော်ပွဲနှင့်ကျောင်းသား၊ ကျောင်းသူဟောင်းများ ပြန်လည်တွေ့ဆုံပွဲကို ဒီဇင်ဘာ၂၆ရက် ညနေ ၄နာရီတွင်အဆိုပါကျောင်းအမျိုးသားဆောင်ခန်းမ၌ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံးမပျက်မကွက်တက်ရောက်ကြရန်နှင့် အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းလိုပါကဒေါ်ရီရီမြင့် (ကျောင်းအုပ်ဆရာမကြီး) ဖုန်း-၀၄၄-၃၅၀၃၁၊ ဦးစိုးလှိုင် ဖုန်း-၀၄၄-၃၅၄၁၉၊ ဦးသန်းကျော်ဌေး ဖုန်း-၀၄၄-၃၅၁၇၁၊ ဦးဉာဏ်မြင့် ဖုန်း-၀၄၄-၃၅၀၃၈၊ ဦးမြင့်မောင်-ဒေါ်ရှုကျင် ဖုန်း-၀၁-၆၄၃၉၃၀၂၊ ၀၁-၇၃၀၇၆၀၇၁၊ ဦးလှဖေ ဖုန်း-၀၁-၂၀၀၇၁၂နှင့် ဦးမောင်မောင်ဝင်း ဖုန်း-၀၉-၅၀၀၃၃၁၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

✻ ရှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်က Tracer Ball ကိုရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ၂၀၁၀ခုနှစ် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌဖလား ဂေါက်သီးရိုက် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက Tracer Ball ကို ရိုက်၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။

ယင်းနောက် ပြိုင်ပွဲဝင်အသင်း ၃၅ သင်းတို့မှ ဂေါက်သီးရိုက်အားကစား သမားများသည် ၂၀၁၀ခုနှစ် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌဖလား ဂေါက်သီးရိုက် ပြိုင်ပွဲ၏ ပထမနေ့ (၁၈)ကျင်းပြိုင်ပွဲကို မြို့တော်ဂေါက်ကွင်းနှင့် ရေပြာ ဂေါက် ကွင်းတို့၌ အလှည့်ကျ လှည့်လည် ယှဉ်ပြိုင်ကစားကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေး ၂၀၁၀ ခုနှစ် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲတွင် တက်ရောက်အားပေးပါဝင်ကစားစဉ်။ (သတင်းစဉ်)

ဒုတိယနေ့ (၁၈)ကျင်းပြိုင်ပွဲကို ယနေ့နံနက် ၆ နာရီတွင် ဆက်လက် ကျင်းပရာ မြို့တော်ဂေါက်ကွင်းနှင့် ရေပြာဂေါက်ကွင်းတို့၌ ပြိုင်ပွဲဝင်အသင်း များသည် အလှည့်ကျ လှည့်လည် ယှဉ်ပြိုင်ကစားကြပြီး ပွဲစဉ်များ အားလုံး ညနေပိုင်းတွင် ကျင်းပပြီးစီးသည်။

ထို့နောက် ၂၀၁၀ ခုနှစ် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌဖလား ဂေါက်သီးရိုက် ပြိုင်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနားကို ညနေ ၆နာရီတွင် မြို့တော်ဂေါက်ကွင်း၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တက်ရောက်၍ ဆုရ အသင်းများအား ဆုများကို ပေးအပ် ချီးမြှင့်သည်။

ဆုချီးမြှင့်ခြင်းအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော် အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြိုင်ပွဲ ကျင်းပရေးကော်မတီဝင်များ၊ ပြိုင်ပွဲဝင် ဂေါက်သီးရိုက်အသင်းများမှ အား ကစားသမားများ တက်ရောက်ကြ သည်။

ရှေးဦးစွာ ၂၀၁၀ ခုနှစ် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌဖလား ဂေါက်သီးရိုက် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက ပြိုင်ပွဲ ကျင်းပ ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြား သည်။

ယင်းနောက် နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်စား နိုင်ငံတော်ဝန်ကြီးချုပ်က ၂၀၁၀ ခုနှစ် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ အသင်းလိုက် (အကျောပေး)ပြိုင်ပွဲ ပထမနှင့် အသင်း လိုက် (အကျောမဲ့)ပြိုင်ပွဲ ပထမရရှိသည့် ကာကွယ်ရေး ဝန်ကြီးဌာနအသင်း ခေါင်းဆောင်အား နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလားကြီးများကို ပေးအပ်ချီးမြှင့် သည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေးက အသင်းလိုက် (အကျော ပေး)ပြိုင်ပွဲတွင် ဒုတိယဆုရ နယ်စပ် ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနအသင်းနှင့် တတိယဆုရ ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင် က အသင်းလိုက်(အကျောမဲ့) ပြိုင်ပွဲတွင် ဒုတိယဆုရ နယ်စပ်ဒေသနှင့် တိုင်းရင်း သားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်း နှင့် တတိယဆုရ ပို့ဆောင်ရေးဝန်ကြီး ဌာနအသင်းတို့အား ဆုများပေးအပ် ချီးမြှင့်သည်။

ယင်းနောက် ပြိုင်ပွဲကျင်းပရေး ဦးစီး ကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဦးအောင်သောင်း က အသင်းလိုက်(အကျောပေး) ပြိုင်ပွဲ နှင့် အသင်းလိုက်(အကျောမဲ့) ပြိုင်ပွဲ များတွင် အကောင်းဆုံးအရှုံးသမားဆု ရရှိကြသည့် အသင်းများအား လည်း ကောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်း သား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့်က Most Birdie၊ Most Par၊ Longest Dirve နှင့် Nearest Pin ဆုရရှိကြသူများအား လည်း ကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက တစ်ဦးချင်း (အကျောပေး) ပြိုင်ပွဲ၌ ပထမ၊ ဒုတိယ နှင့် တတိယဆု ရရှိကြသူများအား လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီး ဌာနမှ ဗိုလ်ချုပ်လှမင်းက တစ်ဦးချင်း (အကျောမဲ့)ပြိုင်ပွဲ၌ ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိကြသူများအား လည်း ကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများက အသင်းလိုက် အကောင်းဆုံးရိုက်ချက်ဆု ရရှိကြသူများ အား လည်းကောင်း၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မောင်မောင်အေးက တစ်ဦးချင်း (အကျောပေး) အဆင့်(၄)မှ အဆင့်(၁၃) အထိ ဆုရရှိကြသူများအား လည်း ကောင်း၊ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်က တစ်ဦးချင်း (အကျောပေး) အဆင့်(၁၄)မှ အဆင့် (၂၀)အထိ ဆုရရှိကြသူများအား လည်း ကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြ သည်။

၂၀၁၀ ခုနှစ် နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အသင်းလိုက် (အကျောပေး)ပြိုင်ပွဲ၌ စုစုပေါင်းရိုက်ချက် ၆၅၇ ချက်ဖြင့် ကာကွယ်ရေး ဝန်ကြီးဌာနအသင်းက ပထမ၊ စုစုပေါင်းရိုက်ချက် ၆၈၆ ချက်ဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုး များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင် သာယာရေးဝန်ကြီးဌာန အသင်းက ဒုတိယ၊ စုစုပေါင်းရိုက်ချက် ၆၉၈ ချက် ဖြင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းက တတိယ အသီးသီးရရှိကြသည်။

အသင်းလိုက် (အကျောမဲ့)ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၈၂၂ ချက်ဖြင့် ကာကွယ်ရေးဝန်ကြီးဌာန အသင်းက ပထမ၊ စုစုပေါင်းရိုက်ချက် ၈၃၃ ချက်ဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနအသင်းက ဒုတိယ၊ စုစု ပေါင်း ရိုက်ချက် ၈၅၉ ချက်ဖြင့် ပို့ဆောင်ရေး ဝန်ကြီးဌာနအသင်းက တတိယ အသီးသီးရရှိကြသည်။

တစ်ဦးချင်း (အကျောပေး)ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၁၂၂ ချက်ဖြင့် ကာကွယ်ရေးဝန်ကြီးဌာန အသင်းမှ ဗိုလ်ကြီးအောင်မင်းသန့်က ပထမ၊ စုစုပေါင်းရိုက်ချက် ၁၂၅ ချက်ဖြင့် ကာကွယ်ရေးဝန်ကြီးဌာန အသင်းမှ ဗိုလ်ကြီးမိုးကျော်ထိန်က ဒုတိယ၊ စုစု ပေါင်းရိုက်ချက် ၁၃၃ ချက်ဖြင့် နယ်စပ် ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနအသင်းမှ ဦးစောမြင့်ထွန်း က တတိယရရှိသည်။

တစ်ဦးချင်း (အကျောမဲ့)ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၁၅၈ ချက်ဖြင့် ကာကွယ်ရေး ဝန်ကြီးဌာနအသင်းမှ ဗိုလ်ကြီးအောင်မင်းသန့်က ပထမ၊ စုစုပေါင်းရိုက်ချက် ၁၆၀ ချက်ဖြင့် ကာကွယ်ရေး ဝန်ကြီးဌာနအသင်းမှ ဗိုလ်မှူးခင်မောင်လတ်က ဒုတိယ၊ စုစု ပေါင်းရိုက်ချက် ၁၆၁ ချက်ဖြင့် နယ်စပ် ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနအသင်းမှ ဦးဝင်းဆွေက တတိယရရှိသည်။

အသင်းလိုက် (အကျောပေး) ပြိုင်ပွဲ တွင် အကောင်းဆုံးအရှုံးသမားဆုကို ပညာရေးဝန်ကြီးဌာနအသင်းက ရရှိပြီး အသင်းလိုက် (အကျောမဲ့)ပြိုင်ပွဲတွင် အကောင်းဆုံး အရှုံးသမားဆုကို ကျန်းမာရေး ဝန်ကြီးဌာနအသင်းက ရရှိသည်။

Most Birdie ဆုကို ပို့ဆောင်ရေး ဝန်ကြီးဌာနအသင်းမှ ဦးမျိုးလွင်ဦးနှင့် ကာကွယ်ရေး ဝန်ကြီးဌာနအသင်းမှ ဗိုလ်ကြီးမိုးကျော်ထိန်တို့က လည်းကောင်း၊ Most Par ဆုကို ကာကွယ်ရေးဝန်ကြီး ဌာနအသင်းမှ ဗိုလ်မှူးခင်မောင်လတ် က လည်းကောင်း၊ Longest Drive ဆုကို မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာနအသင်းမှ ဦးဇော်မင်းထွဋ်၊ အားကစား ဝန်ကြီးဌာနအသင်းမှ ဦးထွန်းသန့်၊ ကာကွယ်ရေးဝန်ကြီးဌာန အသင်းမှ ဗိုလ်ကြီးအောင်မင်းသန့်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနအသင်းမှ ဦးကြည်ထွန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန အသင်းမှ ဦးမျိုးလွင်ဦးနှင့် ဘဏ္ဍာရေးနှင့် အခွန် ဝန်ကြီးဌာနအသင်းမှ ဦးမြင့်နိုင်ဦးတို့က လည်းကောင်း၊ Nearest Pin ဆုကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အသင်းမှ ဦးစိုးကြည်၊ နိုင်ငံခြားရေး ဝန်ကြီးဌာနအသင်းမှ ဦးရဲမြင့်အောင်၊ အမှတ်(၁) စက်မှုဝန်ကြီးဌာနအသင်းမှ ဦးစိုးရီ၊ ဝန်ကြီးချုပ်ရုံးအသင်းမှ ဦးသန့်ရှင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်း သားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်း မှ ဦးနိုင်ဝင်းလတ်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အသင်းမှ ဦးအောင်မောင်းနှင့် သမ ဝါယမဝန်ကြီးဌာနအသင်းမှ ဦးမြင့်သိဏ်း တို့ကလည်းကောင်း အသီးသီး ရရှိကြ သည်။

ဆုချီးမြှင့်ပွဲ အခမ်းအနားအပြီးတွင် ဆုရပြိုင်ပွဲဝင်အသင်းများသည် အသင်း လိုက် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြ သည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ၂၀၁၀ ခုနှစ် နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ အသင်း လိုက်(အကျောပေး)ပြိုင်ပွဲ ပထမရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်း ခေါင်းဆောင်အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလားကို ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

၂၀၁၀ ခုနှစ် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ အသင်းလိုက်(အကျောပေး)ပြိုင်ပွဲ ပထမနှင့် အသင်းလိုက် (အကျောမဲ့) ပြိုင်ပွဲတွင် ပထမရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာန အသင်း ၂၀၁၀ ခုနှစ် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌဖလားကြီးများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

၂၀၁၀ ခုနှစ် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း Tracer Ball ကို ရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)



MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၃-၁၂-၂၀၁၀ (တနင်္လာနေ့)

AM & PM

- ၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ ရတနသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ "ဆရာတော်အရှင်သုဇာတ (ထန်းတပင်) ဟောကြားတော်မူ သော"တရားတော်
- ၆:၁၀ ဓမ္မစကြာတရားဦးဟောရာ မိဂဒါဝုန်မှာ သံဝေဂရယူပါ
- ၆:၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၁၀၃)**
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၇၀)**
- ၈:၄၅ စာအုပ်စာပေလူ့မိတ်ဆွေ (စာရေးဆရာ မင်းသိန်း၏ ၂၀၁၁ ရွှေမန်းဗေဒင်ဒိုင်ယာရီ)
- ၈:၅၅ Activities In The City [အလက(၁) ရန်ကင်း၏ အာစရိယပူဇော်ပွဲ]
- ၉:၁၀ လိုအပ်သောဘဝ (အပိုင်း-၂)
- ၉:၂၀ MRTV-4 ကျန်းမာရေးကဏ္ဍ (အသည်းကျစ်ရောဂါနှင့်

...ာရေးနှင့် အခွန်
...ီးမြင့်နိုင်ဦးတို့က
...est Pin ဆုကို
...ယ်ဆယ်ရေးနှင့်
...ရေးဝန်ကြီးဌာန
...၊ နိုင်ငံခြားရေး
... ဦးရဲမြင့်အောင်၊
...ကြီးဌာနအသင်းမှ
... ချုပ်ရုံးအသင်းမှ
...သနှင့် တိုင်းရင်း
...တိုးတက်ရေးနှင့်
စည်ပင်သာယာရေးဝန်ကြီးဌာနအသင်းမှ ဦးနိုင်ဝင်းလတ်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအသင်းမှ ဦးအောင်မောင်းနှင့် သမဝါယမဝန်ကြီးဌာနအသင်းမှ ဦးမြင့်သိက်္ခ တို့ကလည်းကောင်း အသီးသီး ရရှိကြသည်။

ဆုချီးမြှင့်ပွဲ အခမ်းအနားအပြီးတွင် ဆုရပြိုင်ပွဲဝင်အသင်းများသည် အသင်းလိုက် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ (သတင်းစဉ်)

...နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
...သီးရိုက်ပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ အမှတ်(၁)
...န်ကြီး ဦးအောင်သောင်း Tracer Ball ကို ရိုက်၍ ပြိုင်ပွဲကို
(သတင်းစဉ်)

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်

- ☆ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။
- ☆ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။
- ☆ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပြီးစီးခဲ့ပြီဖြစ်ရာ အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ ဝိုင်းဝန်းဆက်လက်ကြိုးပမ်းဆောင်ရွက်ရေး။
- ☆ နိုင်ငံတော်၌ ရရှိထားပြီးဖြစ်သော တည်ငြိမ်အေးချမ်းမှု၊ လုံခြုံမှုနှင့် တရားဥပဒေစိုးမိုးမှု၊ စည်းလုံးညီညွတ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒီမိုကရေစီဖော်ဆောင်မှု အရှိန်အဟုန်ကို ပိုမိုခိုင်မာစေရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ရေး။
- ☆ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို တည်ဆောက်ရာတွင် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးသည် ပဓာနကျသဖြင့် ပြည်ထောင်စုပြိုကွဲစေရန်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ယိုယွင်းပျက်စီးစေရန် ဖျက်လိုဖျက်ဆီးကြံစည်အားထုတ် လုပ်ဆောင်လာမှုမှန်သမျှကို တိုင်းရင်းသားအားလုံးက သတိကြီးစွာဖြင့် တားဆီးကာကွယ်ရေး။

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၃-၁၂-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက် စကား
- ၇း၀၄ ၃။ နိုင်ငံတော်သီချင်း
- ၇း၀၅ ၄။ တရားတော်
- ၇း၂၀ ၅။ ဓမ္မပူဇာတေး
- ၇း၂၅ ၆။ မျိုးချစ်တပ်မတော်
- ၇း၃၀ ၇။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၅ ၈။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၁၀။ အမျိုးသားရေး တေးကဗျာ
- ၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၃။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၄။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄း၀၄ ၃။ နိုင်ငံတော်သီချင်း
- ၄း၀၅ ၄။ အဖွင့်သီချင်း
- ၄း၁၅ ၅။ စိုက်ပျိုးသုတ
- ၄း၂၅ ၆။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၃၅ ၇။ လျှပ်တစ်ပြက်
- ၄း၄၀ ၈။ မျိုးချစ်တပ်မတော်
- ၅း၂၀ ၉။ ဗွီစီဒီကျော်ကြားတေးများ
- ၅း၂၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၅း၃၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၄၀ ၁၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မိုးသောက်ကြယ် (အပိုင်း-၄၃)**
- ၆း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၄။ အမျိုးသားရေးတေးကဗျာ
- ၆း၄၀ ၁၅။ သံစဉ်လမ်းက လင်းလက်ကြယ်
- ၇း၀၀ ၁၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ကြယ်စင်ညီအစ်မများ (အပိုင်း-၃၅)**
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ နိုင်ငံတကာသတင်း
- ၂၀။ မိုးလေဝသသတင်း
- ၂၁။ Talk Of The Town
- ၂၂။ မေးမြန်းစူးစမ်း
- ၂၃။ သီဆိုဖြေဖျော် တစ်ကိုယ်တော်
- ၂၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အပြုံးပန်းလေးရဲ့ ဖန်ဆင်းရှင် (အပိုင်း-၃၅)**
- ၂၆။ Miniseries
- ၂၇။ သင့်အတွက်မနက်ဖြန်
- ၂၈။ အပိတ်နှုတ်ဆက်စကား
- ၂၉။ ပြီးပါပြီ။

ဝန်ကြီး ဦးဌေးဦးအား ဂျပန်သံအမတ်ကြီးနှင့် ဧည့်သည်အဖွဲ့တို့ သီးခြားစီ လာရောက်တွေ့ဆုံ

ရန်ကုန် ဒီဇင်ဘာ ၁၂

လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E.Mr. Takashi SAITO သည် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့တောင်အာရှဌာနမှ Mr. Kazuya ENDO နှင့်အတူ ဒီဇင်ဘာ ၁၀ရက် မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ ဆည်မြောင်းဦးစီးဌာန ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံပြီး စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ဂျပန်-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးသည်။

အလားတူ ဝန်ကြီး ဦးဌေးဦးအား ဆွစ်ဇာလန်နိုင်ငံအခြေစိုက် အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခု ဖြစ်သည့် Livelihood and Food Security Trust Fund (LIFT Fund) မှ Counsellor, Ms. Veronique LORENZO သည် ညနေ ၃ နာရီခွဲတွင် အဆိုပါခန်းမ၌ပင် လာရောက်တွေ့ဆုံပြီး စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကိစ္စရပ်များကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးအား ပြည်ထောင်စု မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr. Takashi SAITO နှင့် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့တောင်အာရှဌာနမှ Mr. Kazuya ENDO တို့ လာရောက်တွေ့ဆုံစဉ်။
(သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးအား ဆွစ်ဇာလန်နိုင်ငံ Livelihood and Food Security Trust Fund (LIFT fund) မှ Counsellor Ms. Veronique LORENZO လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ကျောက်ချောလမ်း ပြုပြင်ဆောင်ရွက်

မြစ်ကြီးနား ဒီဇင်ဘာ ၁၂

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ပြနှင့် ကျေးလက် လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရန်အတွက် ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၇ ရက်က ပမ္မတီး-ပြည်ထောင်လမ်း ကျောက်ချောခင်း ပြုပြင်ဆောင်ရွက်နေမှုကို အင်ဂျင်နီယာမှူး ဦးခင်မောင်မြင့် ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအောင်ဝင်းဦးက ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

...-4 ရုပ်မြင်သံကြားအစီအစဉ်

...၃-၁၂-၂၀၁၀ (တနင်္လာနေ့)

...င့် Logo
...
...င်း
...ရှင်သုဇာတ
...ဟာကြားတော်မူ
...တ်
...ဦးဟောရာ
...ဝေရယူပါ
...သံဇာတ်လမ်းတွဲ
...ပါ"(အပိုင်း-၁၀၃)

- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၇၀)**
- ၈း၄၅ စာအုပ်စာပေလူ့မိတ်ဆွေ (စာရေးဆရာ မင်းသိန်း၏ ၂၀၁၁ ရွှေမန်းဗေဒင်ဒိုင်ယာရီ)
- ၈း၅၅ Activities In The City [အလက(၁) ရန်ကင်း၏ အာစရိယပူဇော်ပွဲ]
- ၉း၁၀ လိုအပ်သောဘဝ (အပိုင်း-၂)
- ၉း၂၀ MRTV-4 ကျန်းမာရေးကဏ္ဍ (အသည်းကျစ်ရောဂါနှင့် Fibroscan အကြောင်း သိကောင်းစရာ)
- ၉း၅၀ အသံတိတ်အိပ်မက်ဆိုး (မေသန်းနု၊ ချစ်သုဝေ၊ ဂျင်းနီ) [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)]
- ၁၀း၃၀ The Champion of Dance
- ၁၁း၁၀ Celebrity Choice (ကျော်ကျော်ဗို)
- ၁၁း၄၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂း၁၀ ဖန်တီးသူ၏ ပညာစွမ်းမှသည်. . . လှပသောဘဝများဆီသို့
- ၁၂း၃၀ စာအုပ်ပြခန်း (နိုင်ငံတစ်ခု ကြီးပွားခြင်းစာအုပ်)
- ရေးသားသူ-ဆရာဇေယျသူနှင့် တွေ့ဆုံမေးမြန်းခြင်း
- ၁း၀၀ "ဆရာတော်အရှင်သုဇာတ (ထန်းတပင်) ဟောကြားတော်မူသော"တရားတော်
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ သူတို့ဘဝ သူ့တို့ဟာသ (ဦးညာဏ်ပွင့်)
- ၃း၀၀ ချင်းတွင်းမှသည် ပန်းတိုင်ဆီသို့
- ၃း၁၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၀၃)**
- ၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၇၀)**
- ၄း၅၀ ကြည်နူးပီတိဝေဖြာ ရလိုင်ရွာမှအလှူမင်္ဂလာ
- ၅း၀၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ Sunday Talk [မောင်လူမွှေး (မြန်မာမှု)၊ မျိုးမြတ်သူ]
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၀၄)**
- ၇း၃၀ ဗီဒီယိုပြခန်း
- ၇း၅၀ International Show Biz
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ စကားနပန်း (သနားတတ်တာ ကောင်းတယ်၊ မသနားတတ်တာ ကောင်းတယ်)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ် (အပိုင်း-၇၁)**
- ၁၀း၁၀ အနုပညာမိုးကောင်းကင်
- ၁၀း၃၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ "ဘတ်ကီးဖူးစာ"
- ၁၁း၀၀ ဈေးဝယ်လမ်းညွှန် (Best Style)
- ၁၁း၂၀ အနာဂတ်ရင်သွေးငယ်များ၏ အရည်အသွေး (ပါမောက္ခ ဒေါက်တာမြင့်မောင်မောင်)
- ၁၁း၃၅ ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ ခက်ပွင့်လှိုင်နှင့် တွေ့ဆုံခြင်း)
- ၁၁း၅၅ လောကကို အလှဆင်မည့် ပန်းများရဲ့ဥယျာဉ်
- ၁၂း၁၀ လွန်းတင်သည့်ကြိုး
- ၁၂း၃၀ ပုဂံအိမ်ထဲက ထည်ဝါမှုပြယုဂ်
- ၁၂း၄၀ Celebrity Profile (မန္တလေးသိန်းဇော်)
- ၁း၁၅ တိုးပွားဆောင်ရွက် နိုင်ငံ့လက်ဖေးကူမွေးမြူ တို့အတူ "နွားမွေးမြူရေး"
- ၁း၃၀ ငြိမ်ညောင်းသာယာ တယောပညာ (တယောဦးတင်ရီ)
- ၁း၅၀ တိရစ္ဆာန်လေးတွေ မွေးကြမယ် (Neptunc Pet Shop)
- ၂း၀၅ ရဲယိုနှင့်ကျန်းမာရေး
- ၂း၁၅ လမ်းညွှန်ပေးစက် (GPS)
- ၂း၃၀ စနစ်တကျစိုက်ပျိုး သစ်ခွအမျိုးမျိုး
- ၂း၄၅ Smart Dictionary အကြောင်း သိကောင်းစရာ
- ၃း၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄း၀၀ ကြည်ညိုဖူးမြော် ပုပ္ပားတောင်ကလာပ်စေတီတော်
- ၄း၁၅ စံကားဝါမြေမှ မေတ္တာရှင် ဇီဝိတဒါန အာရောဂျသာလာ သံဃာ့ဆေးရုံ
- ၄း၃၅ သာယာချိုအေး (၃၈) ဖြာ မင်္ဂလာတေး
- ၄း၄၀ ထင်ရှားဖူးမြော် မွေတော်ကက္ကူ စေတီတော်
- ၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂း၂၄	Man U - Arsenal	ESPN(Live)

မြို့မ အလက(ခွဲ)နှင့် အထက တိုက်ကြီး အာစရိယပူဇော်ပွဲ ကျင်းပမည်

တိုက်ကြီး ဒီဇင်ဘာ ၁၂

တိုက်ကြီးမြို့ မြို့မ အလက(ခွဲ)နှင့် အထက ကျောင်းသား၊ကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၆ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် တိုက်ကြီးမြို့ အထကကျောင်း အနော်ရထာခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်ရာ ဦးသိန်းအောင် ဖုန်း-၀၁-၅၂၆၁၆၄၊ ဦးတင်ဌေ ဖုန်း -၀၁-၂၂၁၇၄၅၊ ဦးထွန်းရီ ဖုန်း-၀၉-၅၃၉၄၂၀၀၊ ဦးမိုးကျော် ဖုန်း-၀၉-၅၃၉၄၁၇၉၊ ဦးမြဝင်း ဖုန်း-၀၉-၅၀၃၄၈၁၀၊ ဒေါ်ကျင်နွဲ့ ဖုန်း-၀၉-၅၃၉၄၂၆၃၊ ဦးခင်မောင်ဦး ဖုန်း-၀၉-၅၃၉၄၁၄၈နှင့် ဦးစံလွင် ဖုန်း-၀၉-၅၃၉၄၄၅၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

အမြို့မြို့ အနယ်နယ် သတင်းများ

စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲနှင့် စာပေဆုနှင်းသဘင်ကျင်းပရေး ညှိနှိုင်းစည်းဝေး

ဖျူး ဒီဇင်ဘာ ၁၂

ဖျူးမြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပမည့် ၁၃၇၂ ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲနှင့် စာပေဆုနှင်းသဘင်ကျင်းပရေး ညှိနှိုင်းအစည်းအဝေးနှင့် တာဝန်ပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၆ရက် နံနက် ၁၀နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ် ဥက္ကဋ္ဌ ဦးလွင်မင်းက အမှာစကားပြောကြားပြီး **(အောက်ပုံ)** မြို့နယ်စာပေနှင့် စာနယ်ဇင်း အတွင်းရေးမှူး ဦးဉာဏ်ရွှင် (မောင်ချမ်းမြေ့-ဖျူး) က ဖွဲ့စည်းထားသော နာယကများနှင့် ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီဝင်များကို ဖတ်ကြားတင်ပြရာ မြို့နယ်ဥက္ကဋ္ဌဦးလွင်မင်းကလုပ်ငန်းများ အောင်မြင်ရေးအတွက် ဖွဲ့စည်းထားသော လုပ်ငန်းကော်မတီအလိုက် တာဝန်များ ပေးအပ်သည်။

ထို့နောက်တက်ရောက်လာကြသူများက မိမိတို့လုပ်ငန်းကော်မတီအလိုက် ဆွေးနွေးတင်ပြကြပြီး စာပေဟောပြောပွဲနှင့်စာပေဆုနှင်းသဘင်ကို ဒီဇင်ဘာလတတိယပတ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားရန် ဆုံးဖြတ်ထားကြောင်း သိရသည်။ (၁၄၀)

ရေတာရှည်မြို့နယ်၌ မိုးစပါးစံကွက်များ ရိတ်သိမ်း

ရေတာရှည် ဒီဇင်ဘာ ၁၂

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနက စပါးတစ်ဧက အထွက်နှုန်းမှန်ကန်ရေးအတွက် မိုးစပါးစံကွက်ရိတ်သိမ်းခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၅ရက် နံနက်က ရေတာရှည်မြို့နယ် သပြေတန်းကျေးရွာအုပ်စု တောင်သူ ဒေါ်ကြည်စိန်၏ မနောသုခစပါးမျိုး လယ်မြေ ၇ ဒသမ ၉၄ ဧကတွင် စံကွက်ရိတ်သိမ်းရာ အဆိုပါစံကွက်မှ စပါးတင်း ၇၀ ဒသမ ၄၃ တင်း ထွက်ရှိကြောင်းသိရသည်။

အလားတူ ဒီဇင်ဘာ ၆ ရက်က မိုးစပါး ကောင်းအဆင့် စံကွက်ရိတ်သိမ်းခြင်းကို ညောင်ပင်သာ ကျေးရွာအုပ်စု တောင်သူ ဦးဝင်းဦး၏ မနောသုခ စပါးမျိုးကောင်း စံကွက် ရိတ်သိမ်းရာ စပါးတင်း ၈၄ ဒသမ ၇၈ တင်းထွက်ရှိသည်။

အဆိုပါစံကွက်ရိတ်သိမ်းရာသို့ တောင်ငူခရိုင်မြေစာရင်းဦးစီးမှူး ဦးမြသုဝေ၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးဟန်ငြိမ်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးတင်ဝင်းနှင့် ဝန်ထမ်းများက ကြီးကြပ်ဆောင်ရွက်ခဲ့ပြီး **(အပေါ်ပုံ)** ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် တောင်သူများ လာရောက်အားပေးကြည့်ရှုကြကြောင်း သိရသည်။ (၁၄၁)

ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့အခမ်းအနား သန်လျင်၌ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၂

ရန်ကုန်တောင်ပိုင်းခရိုင် ၂၀၁၀ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဒီဇင်ဘာ ၆ရက် နံနက် ၉နာရီက သန်လျင်မြို့ရှိ ရှင်စောပုခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုင်းသော်ဝင်းနှင့် ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနီလာစိုးတို့က အမှာစကားပြောကြားပြီး ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပန်းချီ၊ ကာတွန်းနှင့် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိသူများအား ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေး**(အပေါ်ပုံ)**၊ ခရိုင်ဥက္ကဋ္ဌ ဦးစိုင်းသော်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဒုတိယ တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝေမာမာထွန်းနှင့်တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြပြီး အထိမ်းအမှတ်ပြခန်းကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(၅၂၇)

သမိုင်းအထူးပြု ကျောင်းသား၊ ကျောင်းသူများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၂

တက္ကသိုလ်ပေါင်းစုံ သမိုင်းအထူးပြု ကျောင်းသား၊ ကျောင်းသူများ၏ (၁၂) ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၁ခုနှစ် ဇန်နဝါရီ ၃၀ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ဒေါက်တာမာဂရက်ဝေါင်း ဖုန်း- ၀၉- ၅၁၃၃၁၇၈၊ ဒေါက်တာခင်စောနွဲ့ ဖုန်း- ၀၉- ၅၁၃၂၄၈၈၊ ဒေါက်တာစုစုမြိုင် ၀၉-၅၁၈၁၈၅၈၊ ဒေါက်တာခင်သိန်းဝင်း ဖုန်း- ၅၁၂၂၈၆၊ ဒေါက်တာစန္ဒာနိုင် ဖုန်း- ၀၉-၅၀၀၀၉၂၅၊ ဒေါက်တာစုစုနိုင် ဖုန်း- ၀၉-၅၁၉၃၀၀၂၊ ဒေါက်တာဇော်စိုးမင်း ဖုန်း- ၀၉-၅၁၃၇၅၅၄၊ဦးဉာဏ်ဝင်း ဖုန်း-၂၀၃၁၅၄၊ ဦးဝင်းနိုင် ဖုန်း-၅၅၂၃၆၅၊ ဦးနန်းအောင် ဖုန်း- ၅၇၉၈၃၈၊ ဦးမျိုးမြင့် ဖုန်း- ၇၂၁၁၂၂၊ ဦးဝင်းကြွယ် ဖုန်း-၀၉-၈၅၃၇၀၉၂၊ ဦးအောင်ကျော်မင်း ဖုန်း-၀၉-၅၀၇၀၂၆၂၊ ဒေါ်စိန်ကျင် ဖုန်း-၀၉-၅၁၀၆၀၉၁၊ ဦးမျိုးလွင် ဖုန်း-၀၉-၅၁၃၃၅၅၊ ဦးကျော်ထွန်း ဖုန်း-၀၉-၅၁၆၁၂၂၀၊ ဦးကိုကိုနိုင် ဖုန်း-၀၉-၅၀၁၉၄၈၊ ဦးလင်းမြင့် ဖုန်း -၀၉-၅၀၀၃၅၀၄ နှင့် ဦးမောင်မောင်ကြွယ် ဖုန်း-၆၆၆၇၀၅၊ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (ကြေးမုံ)

မီးငြိမ်းသတ်သရုပ်ပြ

ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဆိပ်ကမ်းသာဈေး မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအတွက် ဒီဇင်ဘာ ၉ရက်က ဈေးသူ၊ ဈေးသားများအား မီးသတ်ဆေးဘူးဖြင့်အရေးပေါ် လက်တွေ့မီးငြိမ်းသတ် သရုပ်ပြမှုကို ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးသန်းနိုင်၊ အမှုဆောင်အရာရှိ ဦးမြင့်မောင်နှင့် တာဝန်ရှိသူများ ကြီးကြပ်ဆောင်ရွက်စဉ်။ (၅၄၀)

ဇီးကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အမှတ်(၁) မြေသားရေလှောင်ကန် တိုးချဲ့တူးဖော်ခြင်းလုပ်ငန်းကို ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးစိုးလွင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်မိုးဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဆန်းလင်းတို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မိုးစပါးအထွက်နှုန်း မှန်ကန်ရေး ဝေါမြို့နယ်၌ စပါးစံကွက်ရိတ်သိမ်း

ဝေါ ဒီဇင်ဘာ ၁၂

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ မိုးစပါး စံကွက်ရိတ်သိမ်းခြင်းကို ဒီဇင်ဘာ ၆ရက်က ဝေါမြို့နယ် အပျားငှက်ချေးဝင်းကျေးရွာအုပ်စု၌ ကျင်းပသည်။

အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းကွင်းသို့ တိုင်းဒေသကြီး၊ ခရိုင်နှင့်ဝေါမြို့နယ် မြေစာရင်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စီမံကိန်းဦးစီးဌာန၊ မြို့နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မိုးစပါးအထွက်နှုန်းမှန်ကန်ရေးအတွက် တောင်သူ ဦးညိုအေး၏ ဧရိယာ ၆ဒသမ ၄၈ ဧကရှိ လယ်မြေ၌ ငစိန်စပါးမျိုးစံကွက်ရိတ်သိမ်းပွဲကို ကွင်းဆင်းစစ်ဆေးရာ တစ်ဧကအခြောက်အထွက်နှုန်း ၅၁ ဒသမ ၁၄တင်း ထွက်ရှိကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ဟင်္သာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ဗိုလ်မြတ်ထွန်းလမ်း ဗုဒ္ဓဟူးဆွမ်းပတ်အနီး အုတ်ခုံခံ သံကူကွန်ကရစ် ကြမ်းခင်းတံတား အုတ်ခုံစီဆောက်လုပ်နေမှုကို အငယ်တန်းအင်ဂျင်နီယာ(၂)ဒေါ်ဆန်းသီတာဦး ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ရန်ကုန်မြို့ အမှတ် (၆/က) အင်းလျားရိပ်သာလမ်းနေ သီရိသုဓမ္မသိင်္ဂီ ဒေါ်မြရင်(မြသီရိဆေးတိုက်) မိသားစုက ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့မ(၄) ရပ်ကွက် ဦးစံဒွန်းကျေးရွာ၌ ဖွင့်လှစ်မည့် မြသီရိစာကြည့်တိုက်အတွက် စာရွက်စာတမ်းများနှင့် ဒုတိယအကြိမ် လှူဒါန်းသော တန်ဖိုး ငွေကျပ် ၃၅၀၀၀၀ ရှိ သုတ၊ ရသ စာအုပ် ၂၁၂ အုပ်ကို ဒီဇင်ဘာ ၁၀ ရက်က ပေးအပ်လှူဒါန်းရာ ပဲခူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိဒေါ်တင်တင်ဦး လက်ခံစဉ်။

(ခရိုင်ပြန်/ဆက်)

မြန်မာနိုင်ငံတောင်ပိုင်းဒေသများ မိုးဆက်ရွာနိုင်

နေပြည်တော် ဒီဇင်ဘာ ၁၂

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **ညအပူချိန်များမှာ** ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိ၊ မွန်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၇ ဒီဂရီစင်တီဂရိတ်မှ ၈ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်မှာ** ဟားခါးမြို့တွင် ၆ ဒီဂရီစင်တီဂရိတ် ဖြစ်သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** နေပြည်တော်(ရေဆင်း)တွင် ၁ ဒသမ ၀၃ လက်မ၊ ကျိုက္ခမီမြို့တွင် ၃ ဒသမ ၆၂ လက်မ၊ မုဒုံမြို့တွင် ၂ ဒသမ ၉၅ လက်မ၊ ညောင်လေးပင်မြို့တွင် ၂ ဒသမ ၈၇ လက်မ၊ ရမည်းသင်းမြို့တွင် ၂ ဒသမ ၅၆ လက်မ၊ ကျိုက်မရောမြို့တွင် ၂ ဒသမ ၄၃ လက်မ၊ မြောင်းမြမြို့တွင် ၂ ဒသမ ၁၇ လက်မ၊ ကော့သောင်းမြို့တွင် ၁ ဒသမ ၉၇ လက်မ၊ ပင်လောင်းမြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၁ ဒသမ ၉၃ လက်မစီ၊ တောင်တွင်းကြီးမြို့၊ ရွှေကျင်မြို့နှင့် မော်လမြိုင်မြို့တို့တွင် ၁ ဒသမ ၈၉ လက်မစီ၊ ပဲခူးမြို့တွင် ၁ ဒသမ ၆၁ လက်မ၊ သီပေါမြို့တွင် ၁ ဒသမ ၄၉ လက်မနှင့် မန္တလေးမြို့တွင် ၁ ဒသမ ၄၆ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

ဒီဇင်ဘာ ၁၃ ရက် ညနေထိခန့်မှန်းချက် ။ ။ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်မိုးထစ်ချုန်းရွာပြီး မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် ။ ။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ။ ။ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးဆက်လက်ရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
မဟာအင်ဂျင်နီယာနှင့်မဟာဗိသုကာဘွဲ့သင်တန်းများအတွက်
လျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာနအောက်ရှိ နည်းပညာတက္ကသိုလ်/ကောလိပ်များတွင် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် ၂၀၁၁ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်တွင် စတင်၍ အောက်ဖော်ပြပါ မဟာအင်ဂျင်နီယာနှင့်ဗိသုကာဘွဲ့သင်တန်းများ သက်ဆိုင်ရာတက္ကသိုလ်/ကောလိပ်အသီးသီးတွင် ဖွင့်လှစ်ရန်ရှိပါသဖြင့် လျှောက်လွှာများခေါ်ယူအပ်ပါသည်-

(က) M.E (Civil)
(ခ) M.E (Electronics)
(ဂ) M.E (Electrical Power)
(ဃ) M.E (Mechanical)
(င) M.E (Information Technology)
(စ) M.E (Mechatronics)
(ဆ) M.E (Chemical)
(ဇ) M.E (Mining)
(ဈ) M.E (Textile)
(ည) M.E (Petroleum)
(ဋ) M.E (Metallurgy)
(ဌ) M.Arch

၂။ ဝင်ခွင့်လျှောက်ထားကြသူများသည် အောက်ပါသတ်မှတ်ချက်များနှင့်ကိုက်ညီပါက ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဝင်ရောက်ဖြေဆိုခွင့်ပြုမည် ဖြစ်ပါသည်-

(က) လျှောက်ထားသူနှင့် မိဘနှစ်ပါး(သုံး)ဦးစလုံးသည် မြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) သက်ဆိုင်ရာ အဓိကဘာသာရပ်ဖြင့် B.E,B.Arch ဘွဲ့ရရှိပြီး မဟာအင်ဂျင်နီယာသင်တန်းသို့ တက်ရောက်ရန် အဆင့်မီသူများဖြစ်ရမည်။
(ဂ) သင်တန်းသို့ အချိန်ပြည့်တက်ရောက်နိုင်သူ ဖြစ်ရမည်။
(ဃ) ၂၆-၁၂-၂၀၁၀ ရက်တွင် အသက်(၂၇)နှစ်ထက်မကျော်လွန်သူ ဖြစ်ရမည်။
(င) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဦးစီးဌာနမှ အချိန်ပြည့်တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံချက်တင်ပြရမည်။
(စ) ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအောင်မြင်ပြီး M.E,M.Arch သင်တန်းတက်ရောက်ခွင့်ရရှိသူများသည် သင်တန်းသားအရေအတွက်ပေါ်မူတည်၍ ဒေသတွင်းရှိ နည်းပညာတက္ကသိုလ်/ကောလိပ်တစ်ခုခုတွင် ပြောင်းရွှေ့တက်ရောက်ရမည်ဆိုလျှင် တက်ရောက်နိုင်ရမည်။

၃။ သတ်မှတ်ချက်ကိုက်ညီသူများသည် ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို မိမိတို့လျှောက်လွှာတင်သည့် နည်းပညာတက္ကသိုလ်/ကောလိပ်များတွင် အောက်ပါအစီအစဉ်အတိုင်းကျင်းပမည်ဖြစ်၍ ရေးဖြေအောင်မြင်သူများကိုသာ တက်ရောက်ခွင့်ပြုမည်-

စဉ်	ဖြေဆိုရမည့်ဘာသာ	ဖြေဆိုရမည့်နေ့ရက်	ဖြေဆိုရမည့်အချိန်
၁	အင်္ဂလိပ်စာ	၂၆-၁၂-၂၀၁၀(တနင်္ဂနွေနေ့)	နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ
၂	သက်ဆိုင်ရာဘာသာရပ်	၂၆-၁၂-၂၀၁၀(တနင်္ဂနွေနေ့)	မွန်းလွဲ ၁ နာရီမှ ၄ နာရီအထိ

၄။ လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် မိမိတို့ B.E/B. Arch အောင်မြင်ခဲ့သည့် နည်းပညာတက္ကသိုလ်/ကောလိပ်များတွင် ၂၂-၁၂-၂၀၁၀ရက် နောက်ဆုံးထား၍လျှောက်ထားရမည်။

၅။ အခြားသိလိုသည်များရှိပါက မိမိတို့လျှောက်လွှာတင်သွင်းသည့် နည်းပညာတက္ကသိုလ်/ကောလိပ်များနှင့် နည်းပညာတက္ကသိုလ်များကြီးကြပ်ရေး(နေပြည်တော်)ဖုန်း-၀၆၇၄၀၁၈၂၊ ၀၆၇၄၀၉၀တို့သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

အခွန်ဆိုင်ရာ ဟောပြောဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၂

မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းက ကြီးမှူး၍ "ကုမ္ပဏီလုပ်ထုံးလုပ်နည်းနှင့် ကုမ္ပဏီအခွန်ဆိုင်ရာပြဿနာဟောပြောပွဲ"ကို ဒီဇင်ဘာ ၁၈ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ ဦးဝင်းသင်က ဟောပြောဆွေးနွေးမည်ဖြစ်ရာ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင် အသင်းဝင်များ၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင် အသင်းဝင်များနှင့်တကွ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ကြောင်းနှင့် အသေးစိတ်သိလိုပါက မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းရုံးခန်း(MCIA) မြန်မာအင်ဖိုတက်ခ် လှိုင်တက္ကသိုလ်နယ်မြေ ဖုန်း-၆၅၂၂၃၈ သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (ကြေးမုံ)

ဒဂုံရွှေအောင်လံ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကြီး (၂၀၁၁)ကျင်းပရန် လက်ဝှေ့တွဲဆိုင်း ရွေးချယ်ပွဲနှင့် သတင်းစာရှင်းလင်းပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၂

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ ဒဂုံဗျူရိုကုမ္ပဏီလီမိတက်၏ အဓိက မတည်ပံ့ပိုးမှု၊ မြန်မာမီဒီယာဂရု(ပ်)၏ မီဒီယာပိုင်းဆိုင်ရာ ပံ့ပိုးမှုများဖြင့် H & S Group မှ ဦးဌေးဝင်း (ဌေးမြန်မာဗီဒီယို)နှင့် ဦးစိုင်းဇော်ဇော် (ဇော်ပစ်တိုင်းထောင်ဗီဒီယို) တို့ တာဝန်ယူစီစဉ်သည့် "ဒဂုံရွှေအောင်လံ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကြီး (၂၀၁၁)" ကျင်းပမည့်အကြောင်း မီဒီယာရှင်းလင်းပွဲနှင့် အဆိုပါပွဲကြီး၌ ယှဉ်ပြိုင်ထိုးသတ်ကြမည့် တွဲဆိုင်းများ မဲစနစ်ဖြင့် ရွေးချယ်ပွဲကို ဒီဇင်ဘာ ၇ ရက် ညနေ ၆ နာရီက စင်ထရယ်ဟိုတယ်၌ ကျင်းပသည်။

ထို့နောက် ခုံဒိုင်ချုပ်ဆရာကြီးဦးဒေါင်းနီ ဦးစီး၍ လက်ဝှေ့တွဲဆိုင်းများ မဲနှိုက်ရွေးချယ်ရာ ဒီဇင်ဘာ ၁၉ရက်တွင် ကျပ်သိန်း ၄၀ တန် အလွတ်တန်း ဒဂုံရွှေအောင်လံ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် လက်ရှိအလွတ်တန်း ထပ်ဆင့်ဒဂုံရွှေအောင်လံဆုရှင် စောငမန်း(Ever Green) နှင့် မြနန်းတော် (လင်းယုန်/မန္တလေး)၊ ကျပ်သိန်း ၂၀ တန် အထူးအောင်လံ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် လက်ရှိ ဒုတိယတန်း ဒဂုံရွှေအောင်လံဆုရှင် စိုးလင်းဦး (တောင်ကလေး၊ မျိုးဇာနည်)နှင့် ရွှေခါးပတ်ချန်ပီယံဟောင်း အောင်ဇေယျ (ဘီလပ်မြေစက်ရုံ)၊ ကျပ်သိန်း ၂၀ တန် ဒုတိယတန်း ဒဂုံရွှေအောင်လံ ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် သားသား(T&T)နှင့် ရွှေခါးပတ်ချန်ပီယံဟောင်း သတ္တိအောင် (တောင်ကလေး)၊ မင်းထက်ကျော် (တိုက်ဂါး)နှင့် ၂၀၁၀ ရွှေခါးပတ်ချန်ပီယံ ဝင်းတင် (ရွှေကုက္ကို)၊ ဒေါင်းသည်းခြေ (မိုးမင်းမောင်)နှင့် ထပ်ဆင့်ရွှေခါးပတ်ချန်ပီယံဟောင်း စိုးမိုးဟိန်း(မျိုးဆက်သစ်)၊ ၂၀၁၀ ရွှေခါးပတ်ချန်ပီယံ စောအုန်းမြင့် (မြို့တော်စည်ပင်)နှင့် သပြေညို (ဘီလပ်မြေစက်ရုံ)တို့ ယှဉ်ပြိုင်ထိုးသတ်ရန် တွဲဆိုင်းများ ထွက်ပေါ်လာသည်။

အဆိုပါ ကွာတားဖိုင်နယ်ပွဲစဉ်များမှ အနိုင်ရရှိသူ လေးဦးတို့သည် ဒီဇင်ဘာ ၂၆ ရက်တွင် ဒုတိယတန်း ဒဂုံရွှေအောင်လံ ဆီမီးဖိုင်နယ်ပွဲစဉ်များ ထိုးသတ်ရမည်ဖြစ်ပြီး ပြိုင်ပွဲမတိုင်မီ မဲစနစ်ဖြင့် ထပ်မံ တွဲဆိုင်းဆင်သွားမည်ဖြစ်သည်။ ၎င်းနေ့တွင် အထူးဒဂုံရွှေအောင်လံ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ရွှေခါးပတ်ချန်ပီယံဟောင်း ဒေါနအောင် (အဖြူရောင်သွေးသစ်)နှင့် ၂၀၁၀ ရွှေခါးပတ်ချန်ပီယံ လုံးချောလေး(ရက္ခဗျာလ)၊ အလွတ်တန်းဒဂုံရွှေအောင်လံ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ပထမတန်းချန်ပီယံဟောင်း လုံးချော(ညောင်တုန်း)နှင့် ဝါးရင်းတုတ်ဖိုးကေ(မန္တလေး)တို့ ယှဉ်ပြိုင်ထိုးသတ်ရန် မဲကျပြီးသားဖြစ်သည်။

ယခုကျင်းပမည့် ပြိုင်ပွဲကြီးသည် တတိယအကြိမ်မြောက်ဖြစ်ပြီး ဒဂုံဗျူရိုက ယခင်နှစ်ကြိမ်ထက် အောင်လံကြေးများ ပိုမိုသုံးစွဲချီးမြှင့်ထားကြောင်း သိရသည်။ အဆိုပါပွဲကြီးနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဇော်ပစ်တိုင်းထောင်ဗီဒီယို ၃၅လမ်း(အလယ်) ဖုန်း-၃၈၇၆၅၀ သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (ကြေးမုံ)

ဒဂုံရွှေအောင်လံ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကြီး(၂၀၁၁) ကျင်းပရေး မီဒီယာရှင်းလင်းပွဲ ကျင်းပစဉ်။ (ကြေးမုံ)

၂၀၁၀-၂၀၁၁ ခုနှစ် ကြည့်မြင်တိုင်မြို့နယ် ဗဟိုစံပြငါးဈေးကြီး ငါးဒိုင်ကိုယ်စားလှယ်များ၊ အလုပ်အမှုဆောင်အဖွဲ့သစ်များအား နှစ်ပတ်လည်အခမ်းအနားအပြီး တွေ့ရစဉ်။ (ကြေးမုံ)

ပန်းခြံရေမြောင်း ရေတံခါးစစ်ဆေး

ကောလင်း ဒီဇင်ဘာ ၁၂

ကောလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့လူထု စိတ်လက်အပန်းဖြေရန်နှင့် ရေစုဆောင်းရန် ရွှေမင်းဝံပန်းခြံပတ်လည် ရေမခန်းခြောက်စေရေးအတွက် နိုဝင်ဘာ ၅ ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ဇင်နှင့် အမှုဆောင်အရာရှိ (လက်ထောက်ညွှန်ကြားရေးမှူး) ဦးတင့်ဝေတို့ ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မျိုးဦးက ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ရေကူးပြိုင်မည်

ရန်ကုန် ဒီဇင်ဘာ ၁၂

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား အလွတ်တန်းနှင့် သက်ငယ်တန်း တံခွန်စိုက်ရေကူးပြိုင်ပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂ ရက်နှင့် ၃ ရက်များတွင် ဦးဝိစာရ အမျိုးသားရေကူးကန်၌ ကျင်းပမည်ဖြစ်ရာ အသက် (၁၄) နှစ်အောက်၊ (၁၆) နှစ်အောက်၊ (၁၈) နှစ်အောက် အလွတ်တန်းတစ်ဦးချင်းနှင့် အသင်းလိုက်ရေကူးပြိုင်ပွဲများ ထည့်သွင်းကျင်းပသွားမည်ဖြစ်ပြီး ဆုကြေးများအဖြစ် အသင်းလိုက် ပထမဆု ငွေကျပ် သုံးသိန်းနှင့် ဆုဖလား၊ ဒုတိယဆု ငွေကျပ်နှစ်သိန်း၊ တတိယဆု ငွေကျပ်တစ်သိန်းနှင့် အကောင်းဆုံး အားကစားသမားဆုအပါအဝင် အခြားဆုပေါင်းများစွာကို ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သူများသည် အသက် (၁၆) နှစ်အောက်အတန်း၌ ၁၉၉၅ ခုနှစ် ဇန်နဝါရီလ နောက်ပိုင်း မွေးဖွားသူများ၊ အသက် (၁၄) နှစ်အောက်အတန်း၌ ၁၉၉၇ ခုနှစ် ဇန်နဝါရီလနောက်ပိုင်း မွေးဖွားသူများ၊ အသက်(၁၂) နှစ်အောက်အတန်း၌ ၁၉၉၉ ခုနှစ် ဇန်နဝါရီလနောက်ပိုင်း မွေးဖွားသူများ၊ အသက် (၁၀) နှစ်အောက်အတန်း၌ ၂၀၀၁ ခုနှစ် ဇန်နဝါရီလနောက်ပိုင်း မွေးဖွားသူများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ပြိုင်ပွဲဝင်လိုသူများသည် ဒီဇင်ဘာ ၂၇ ရက် ညနေ ၅ နာရီခွဲ နောက်ဆုံးထား၍ ရန်ကုန်မြို့ ဦးဝိစာရလမ်း အမျိုးသားရေကူးကန်၌ နံနက် ၆ နာရီခွဲမှ ၈ နာရီခွဲအထိနှင့် ညနေပိုင်း ၃နာရီခွဲမှ ၅နာရီခွဲအထိ (သောကြာနေ့)မှအပ အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး၊ တွဲဖက်အတွင်းရေးမှူးများဖြစ်ကြသည့် ဦးသန်းကြိုင်၊ ဦးရဲအောင်တို့ထံ စာရင်းပေးသွင်းနိုင်သည်။

ထို့အပြင် ကျိုက္ကဆံကွင်း အမှတ်(၅)ဂိတ်ရှိ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်ရုံးခန်း၌လည်း နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအတွင်း လာရောက်စာရင်းပေးသွင်းနိုင်ပြီး အသေးစိတ်သိလိုပါက မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး ဖုန်း-၄၀၀၂၀၉၊ ၀၉-၅၁၃၄၃၁၀၊ တွဲဖက်အတွင်းရေးမှူး ဦးသန်းကြိုင် ဖုန်း-၀၉-၄၉၂၈၀၉၆၇ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တစ်မူထူးခြားအောင်မြင် ပြည်ပရတနာကုန်သည်များ ကျောက်စိမ်းဝယ်ယူမှု စံချိန်တင်

သတင်းဆောင်းပါး - တင်ထွေး(သတင်းစဉ်)

ဓာတ်ပုံမှတ်တမ်း - ကိုထွေးနှင့် ကိုကိုလေး(သတင်းစဉ်)

နေပြည်တော်၌ ပထမဆုံးအကြိမ် ကျင်းပသည့် ၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အောင်မြင်စွာ ပြီးဆုံးခဲ့ပြီဖြစ်သည်။ နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နိုဝင်ဘာ ၁၇ ရက်မှ ၂၉ ရက်အထိ ၁၃ ရက်တိုင်တိုင် နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်အနီး မဏိရတနာကျောက်စိမ်းခန်းမ၌ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ရာ ရန်ကုန်မြို့တွင် ကျင်းပခဲ့သည့် ရတနာပြပွဲများထက် တစ်မူထူးခြားစွာ အောင်မြင်မှုရရှိခဲ့လေသည်။

ပြည်တွင်းပြည်ပ ရတနာကုန်သည် ၆၇၅၀ တို့သည် နေပြည်တော်၌ ပထမဆုံးအကြိမ်ကျင်းပသည့် ရတနာပြပွဲသို့ စိတ်ဝင်တစား တက်ရောက်ခဲ့ကြပြီး ပြပွဲကာလအတွင်း မြန်မာ့ပုလဲ၊ ကျောက်မျက်နှင့် ကျောက်စိမ်းအတွဲများကို ကြည့်ရှုလေ့လာစိစစ်၍ အပြိုင်အဆိုင်ဝယ်ယူခဲ့ကြသည်။ အထူးသဖြင့် ကမ္ဘာပေါ်တွင် အကောင်းဆုံးအရည်အသွေးဖြစ်သည့် မြန်မာ့ကျောက်စိမ်းကို ဈေးနှုန်းတန်ဖိုးအားဖြင့် ယခင်ပြပွဲများထက် စံချိန်တင်ဝယ်ယူခဲ့ကြလေသည်။

၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ ပြည်တွင်းပုလဲကုမ္ပဏီများ၏ ပုလဲအတွဲများကို နိုဝင်ဘာ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် တင်ပြရောင်းချခဲ့ရာ တင်ဒါစနစ်ဖြင့် ပုလဲအတွဲ ၂၀၇ တွဲ၊ ဈေးပြိုင်စနစ်ဖြင့် ပုလဲအတွဲ ၃၀ စုစုပေါင်း ပုလဲအတွဲ ၂၃၇ တွဲ ရောင်းချခဲ့ရသည်။ နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်တွင်းပုလဲကုန်သည် ၄၆ ဦး၊ ပြည်ပပုလဲကုန်သည် ၂၄ ဦး စုစုပေါင်း ပုလဲကုန်သည် ၇၀ တက်ရောက်ခဲ့ကြပြီး တင်ပြသည့်ပုလဲအတွဲ ၂၇၆ တွဲ အနက် ၂၃၇ တွဲ ရောင်းချခဲ့ရသဖြင့် ၈၆ ရာခိုင်နှုန်း ရောင်းချရခြင်းပင်ဖြစ်သည်။

ပုလဲဆပ်ကော်မတီ အတွင်းရေးမှူး မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ လက်ထောက်အထွေထွေမန်နေဂျာ ဒေါ်သီတာမြအား ပုလဲကုန်သည်များတက်ရောက်မှုနှင့် ပုလဲအတွဲများရောင်းချရမှုအခြေအနေကို မေးမြန်းရာတွင် "ဒီပွဲမှာတင်ပြတဲ့ပုလဲတွေက ဈေးနှုန်းသင့်တင့်တဲ့အတွက် ပုလဲကုန်သည်တွေကြိုက်ကြတယ်။ ဈေးပြိုင်စနစ်မှာဆိုရင် တင်ပြတဲ့အတွဲအားလုံး ရောင်းရတယ်။ အခုအချိန်မှာ မလာတာကြာတဲ့ ကုန်သည်တွေရော၊ **စာမျက်နှာ ၅ ကော်လံ ၁ သို့** ❖

ကြည့်ရှုလေ့လာ

နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲကာလအတွင်း ပြည်ပရတနာကုန်သည်များ ကျောက်စိမ်းအတွဲများ ဝယ်ယူရန် စိတ်ဝင်တစား ကြည့်ရှုလေ့လာနေကြသည်ကို တွေ့ရစဉ်။